### ၂၃-၁၂-၂၀၂၅ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ စက်သုံးဆီ၊ ရွှေ ဈေးနှုန်းများ

| စဉ် | မြို့အမည် | ဆန် (တစ်ပြည် ) | | ဆီ (တစ်ပိဿာ ) | | စက်သုံးဆီ (တစ်လီတာ ) | | | | ၁၆' ပဲရည် ရွှေ (တစ်ကျပ်သား ) |
|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ပေါ် ဆန်း | ပဲဆီ | စားအုန်းဆီ | Octane ၉၅ | Octane ၉၂ | ဒီဇယ် (ရိုးရိုး ) | အဆင့်မြင့် ဒီဇယ် | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၂၇ | ၂၈ | ၂၉ | ၃၀ | ၃၁ |
| ၁ | မြစ်ကြီးနား | ၃၆၀၀ | ၉၃၀၀ | ၂၅၀၀၀ | ၁၀၃၀၀ | ၄၅၆၀ | ၄၅၀၅ | - | ၄၈၃၀ | ၇၉၀၀၀၀၀ |
| ၂ | လားရှိုး | ၅၀၀၀ | ၉၀၀၀ | | ၈၀၅၀ | ၂၇၃၀ | ၂၆၈၀ | ၂၃၉၀ | ၂၈၄၅ | ၇၉၀၀၀၀၀ |
| ၃ | ကျိုင်းတုံ | ၄၂၀၀ | ၈၅၀၀ | ၂၁၀၀၀ | - | ၃၆၀၀ | - | ၃၆၀၀ | - | ၈၆၀၀၀၀၀ |
| ၄ | တောင်ကြီး | ၂၉၀၀ | ၇၈၀၀ | ၁၉၀၀၀ | ၆၉၁၀ | ၂၆၉၅ | ၂၆၄၀ | ၂၃၅၅ | ၂၈၁၀ | ၈၅၅၀၀၀၀ |
| ၅ | လွိုင်ကော် | ၂၈၀၀ | ၅၀၀၀ | ၁၆၀၀၀ | ↓၆၉၀၀ | ၂၇၁၅ | ၂၆၆၅ | ၂၃၇၅ | ၂၈၃၅ | ၈၉၈၀၀၀၀ |
| ၆ | ဘားအံ | ၂၈၀၀ | ၅၅၀၀ | ၁၉၀၀၀ | ၆၈၀၀ | ၂၆၅၅ | ၂၆၀၅ | ၂၃၂၀ | ၂၇၇၅ | ၈၇၈၀၀၀၀ |
| ၇ | မော်လမြိုင် | ၂၂၀၀ | ↑၄၅၀၀ | ၁၈၀၀၀ | ၆၇၀၀ | ၂၇၈၀ | ၂၇၃၀ | ၂၈၅၀ | ၂၈၇၀ | ၇၉၀၀၀၀၀ |
| ၈ | ထားဝယ် | ၃၁၀၀ | ၆၀၀၀ | ၂၄၀၀၀ | ၇၁၇၀ | ၂၇၀၅ | ၂၆၅၅ | ၂၃၆၅ | ၂၈၂၀ | ၉၂၄၀၀၀၀ |
| ၉ | မြိတ် | ၂၈၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၇၅၂၀ | ၂၉၀၀ | ၂၈၀၀ | ၃၀၀၀ | ၃၀၅၀ | ၉၂၀၀၀၀၀ |
| ၁၀ | ရန်ကုန် | ၃၂၀၀ | ၅၅၀၀ | ၂၀၀၀၀ | ၆၄၅၀ | ၂၅၇၀ | ၂၅၂၀ | ၂၂၃၀ | ၂၆၉၀ | ၉၁၂၀၀၀၀ |
| ၁၁ | ပုသိမ် | ၂၁၀၀ | ၄၈၀၀ | ၂၁၀၀၀ | ၆၆၆၅ | ၂၆၄၀ | ၂၅၉၀ | ၂၃၀၀ | ၂၇၆၀ | ၉၂၀၀၀၀၀ |
| ၁၂ | စစ်တွေ | | | | | | | | | |
| ၁၃ | ဟားခါး | | ၁၁၀၀၀ | ၃၁၀၀၀ | - | ၂၉၇၀ | ၂၉၂၀ | ၂၆၃၅ | ၃၀၉၀ | ၈၈၇၀၀၀၀ |
| ၁၄ | မုံရွာ | ၂၆၀၀ | ၆၄၀၀ | ၁၃၅၀၀ | ၆၉၇၀ | ၂၇၂၀ | ၂၆၇၀ | ၂၃၈၅ | ၂၈၄၀ | ၉၀၀၀၀၀၀ |
| ၁၅ | မန္တလေး | ၃၂၀၀ | ၆၅၀၀ | ၁၄၀၀၀ | ၇၁၄၀ | ၂၆၈၅ | ၂၆၃၀ | ၂၃၄၅ | ၂၈၀၀ | ၉၀၅၀၀၀၀ |
| ၁၆ | ပခုက္ကူ | ၃၈၀၀ | ၆၅၀၀ | ၁၃၅၀၀ | ↓၇၁၃၅ | ၂၆၉၀ | ၂၆၄၀ | ၂၃၅၀ | ၂၈၀၅ | ၈၉၈၀၀၀၀ |
| ၁၇ | မကွေး | ၃၃၅၀ | ၇၁၀၀ | ၁၄၀၀၀ | ၇၀၀၀ | ၂၆၉၀ | ၂၆၄၀ | ၂၃၅၀ | ၂၈၀၅ | ၇၉၀၀၀၀၀ |
| ၁၈ | ပြည် | ၂၆၀၀ | ၅၁၀၀ | ၁၆၀၀၀ | ↓၆၇၉၀ | ၂၅၈၆ | ၂၅၃၆ | ၂၂၉၁ | ၂၇၃၆ | ၇၈၀၀၀၀၀ |
| ၁၉ | ပဲခူး | ၂၆၀၀ | ၅၁၀၀ | ၁၇၅၀၀ | ↓၆၇၉၀ | ၂၅၈၅ | ၂၅၃၅ | ၂၂၄၅ | ၂၇၀၀ | ၇၈၀၀၀၀၀ |
| ၂၀ | ပျဉ်းမနား | ၂၈၀၀ | ၆၇၀၀ | ၁၆၄၀၀ | ၆၈၀၅ | ၂၆၅၀ | ၂၆၀၀ | ၂၃၁၀ | ၂၇၆၅ | ၉၁၂၀၀၀၀ |
| ၂၁ | နေပြည်တော် | ၂၈၀၀ | ၆၇၀၀ | ၁၆၅၀၀ | ၆၈၀၅ | ၂၆၅၀ | ၂၆၀၀ | ၂၃၁၀ | ၂၇၆၅ | ၉၁၂၀၀၀၀ |
| ၂၂ | ကလေး | ၃၂၀၀ | | ၂၀၀၀၀ | ၈၁၂၅ | ၃၇၂၀ | ၃၆၇၀ | ၃၃၈၅ | ၃၈၄၀ | ၈၈၀၀၀၀၀ |


# The Consume Affairs News Letter

Monthly News Letter | November 2025 | Department of Consumer Affairs


## (၃၁) ကြိမ်မြောက် အာဆီယံစားသုံးသူကာကွယ်ရေးကော်မတီအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်







(၃၁) ကြိမ်မြောက် အာဆီယံစားသုံးသူကာကွယ်ရေးကော်မတီအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့၌ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်နေ့မှ ၂၁ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ကြောင်း၊ အဆိုပါ အစည်းအဝေးများသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ ဆွေးနွေးဖက်နိုင်ငံများမှ တာဝန်ရှိသူများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ကျွမ်းကျင်ပညာရှင်များနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံမှ ကိုယ်စားလှယ် (၂) ဦး တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးများကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ အာဆီယံစားသုံးသူကာကွယ်ရေးမဟာဗျူဟာလုပ်ငန်းစီမံချက် (၂၀၁၆-၂၀၂၅) ကို အာဆီယံစားသုံးသူကာကွယ်ရေးကော်မတီအဖွဲ့ဝင်နိုင်ငံများအားလုံး လိုက်ပါအကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန်၊ ၂၀၂၅ အလွန် လုပ်ငန်းစဉ်များအား သတ်မှတ်ဆောင်ရွက်နိုင်စေရန်၊ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသင်းအဖွဲ့များနှင့်ပူးပေါင်း၍

*၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလတွင် စတင်ထုတ်ဝေသည်။*

*စာမျက်နှာ ၃ ကော်လံ ၁ သို့*

## သတင်းခေါင်းစဉ်များ


**မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်ကဏ္ဍ** ၃

၁။ စားသုံးသူရေးရာကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပ

**ပြည်တွင်း၊ ပြည်ပမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ** ၁

၂။ (၃၁) ကြိမ်မြောက် အာဆီယံစားသုံးသူကာကွယ်ရေးကော်မတီအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်

**စားသုံးသူတိုင်ကြားမှုနှင့် ဖြေရှင်းပေးမှုကဏ္ဍ** ၄

၃။ အကောင့်အတွင်းမှ ငွေများထုတ်ယူခံရသဖြင့် တိုင်ကြားလာခြင်းအပေါ် ဖြေရှင်းပေးမှုအခြေအနေ

၄။ ဆေးမှုတ်လုပ်ငန်းမှ ဆေးမှုန့်များကြောင့် ကျန်းမာရေးထိခိုက်နိုင်သဖြင့် ဖြေရှင်းဆောင်ရွက်ပေးပါရန် တိုင်ကြားလာခြင်းအပေါ် ဖြေရှင်းပေးမှုအခြေအနေ

၅။ ရေသန့်တွင် အနည်များပါနေသဖြင့် တိုင်ကြားလာခြင်းအပေါ် ဖြေရှင်းပေးမှုအခြေအနေ

၆။ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလအတွင်း CICC ရုံးများသို့ တိုင်ကြားလာမှုအခြေအနေ

**ထုတ်ကုန်လုံခြုံစိတ်ချရမှုကဏ္ဍ** ၇

၇။ တိုင်းဒေသကြီးများအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်

၈။ ပြည်နယ်များအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

၉။ Online Sale မှတ်ပုံတင်လက်မှတ်ထုတ်ပေးနိုင်ရေး မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းများ ဆောင်ရွက်

၁၀။ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးမှုအခြေအနေ

၁၁။ ၂၀၂၅ ခုနှစ်အတွင်း ကုန်အညွှန်းအမှတ်အသားစိစစ်ခွင့်ပြုပေးခဲ့မှုအခြေအနေ

**စားသုံးသူအသိပညာပေးရေးကဏ္ဍ** ၁၅

၁၂။ တိုင်းဒေသကြီးများတွင် အသိပညာပေးလုပ်ငန်းများဆောင်ရွက်

၁၃။ ပြည်နယ်များအတွင်း အသိပညာပေးလုပ်ငန်းများဆောင်ရွက်

၁၄။ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများကျင်းပ

၁၅။ ၂၀၂၅ ခုနှစ် အောက်တိုဘာလအတွင်း စားသုံးသူအသိပညာပေးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

**သတင်းအချက်အလက်နည်းပညာနှင့်အရည်အသွေးစီမံခန့်ခွဲမှုကဏ္ဍ** ၂၅

၁၆။ ၂၀၂၅ ခုနှစ် နိုဝင်ဘာလအတွင်း ဓာတ်ခွဲစမ်းသပ်ဆောင်ရွက်ခဲ့မှုအခြေအနေ

၁၇။ မြန်မာဆန်စပါးအွန်လိုင်း (Myanmar Rice Online - MyRO) တွင် ဆန်စပါးသိုလှောင်ရုံများ မှတ်ပုံတင်ထားရှိမှု

**ကုန်သွယ်မှုကဏ္ဍ** ၂၇

၁၈။ မြန်မာ့သနပ်ခါး

၁၉။ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ စက်သုံးဆီ၊ ရွှေ၊ ဒေါ်လာဈေးနှုန်းများ




## ကုန်သွယ်မှုကဏ္ဍ

### မြန်မာ့သနပ်ခါး



သနပ်ခါးသည် ကလေးမှအစ ဘိုးဘွားများအထိ လိမ်းခြယ်အသုံးပြုကြသော ပစ္စည်းတစ်မျိုးဖြစ်သည်။ အထူးသဖြင့် မြန်မာအမျိုးသမီးများသည် သနပ်ခါးကို မခုံမင်မနှစ်သက်သူ ရှားပေလိမ့်မည်။ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံများမှ ယခုခေတ်ပေါ် အလှကုန်ပစ္စည်းများ အဆန်းအပြားများစွာ မည်မျှပင် ဝင်ရောက်လာစေကာမူ မြန်မာ့သနပ်ခါးကိုမူ ကွယ်ပျောက်သွားအောင် စွမ်းဆောင်နိုင်မည်မဟုတ်ပေ။ မြန်မာ့သနပ်ခါးသည် သင်းပျံ့သော ရနံ့နှင့် ပြည့်စုံသည့်အပြင် လိမ်းထားသောသူ၏ အသားအရေကို စိုပြည်ဝင်းလဲ့ လှပစေခြင်း၊ ချောမွတ်စေခြင်း၊ အေးမြစေခြင်း၊ စိတ်ကိုကြည်လင်လန်းဆန်းစေခြင်း၊ နေရောင်ခြည်ဒဏ်မှကာကွယ်ပေးခြင်း စသော ဂုဏ်အင်္ဂါများနှင့် ပြည့်စုံသောကြောင့် ရှေးခေတ်နန်းတွင်းသူများမှအစ ကောက်စိုက်သမားများအဆုံး လိမ်းခြယ်ခဲ့ကြသည့် အရာဖြစ်ပါသည်။ မြန်မာမိန်းကလေးအများစုသည် ရေချိုးပြီးတိုင်း သနပ်ခါးကို ခုံခုံမင်မင်နှစ်နှစ်သက်သက် လိမ်းခြယ်ကြသည်။

သနပ်ခါးသည် အပူကြောင့်ဖြစ်သော ဝေဒနာ၊ အအေးကြောင့်ဖြစ်သော ဝေဒနာ နှစ်မျိုးစလုံးအတွက် သွေးလိမ်းပေးခြင်းအားဖြင့် ကိုယ်တွင်းရှိ အခိုးအငွေ့များ ထွက်ကာ ရောဂါပျောက်ကင်းစေသည်။ အပူဒဏ်ကို ကာကွယ်ပေးသောကြောင့် နေပူထဲတွင် အလုပ်လုပ်သူများလည်း သနပ်ခါးကို လိမ်းထားခြင်းဖြင့် အပူဒဏ်မှ သက်သာစေနိုင်သည်။ သနပ်ခါးသားသည် မာကျော၍ အဝါရောင်ရှိသည်။ ကျစ်လစ်သိပ်သည်းသောကြောင့် အခြောက်ခံထားသော သနပ်ခါး ၁ ကုဗပေလျှင် ၆၁ ပေါင် အလေးချိန်စီးသည်။ သနပ်ခါးပင်များကို မြန်မာနိုင်ငံအနှံ့ အပြားတွင် တွေ့ရသော်လည်း ပူပြင်းခြောက်သွေ့သော အလယ်ပိုင်းအညာဒေသတွင် ပို၍ ဖြစ်ထွန်းသည်။ အများဆုံးစိုက်ပျိုးသော မြို့မှာ အရာတော်မြို့ဖြစ်ပြီး ဧကတစ်သိန်းကျော်စိုက်ပျိုးကာ မြန်မာတစ်နိုင်ငံလုံးရှိ သနပ်ခါးစိုက်ဧက၏ ၇၅ ရာခိုင်နှုန်းခန့် စိုက်ပျိုးထားကြောင်းသိရသည်။ ထို့ကြောင့် ရှေးမြန်မာဘုရင်များ လက်ထက်မှစ၍ ယနေ့အချိန်ထိ ရိုးရာယဉ်ကျေးမှုအမွေအနှစ်အဖြစ် ထိန်းသိမ်းလာခဲ့သော မြန်မာ့သနပ်ခါးကို မြန်မာတို့အတွက် လက်ဆောင်တစ်ခုအဖြစ်လည်းကောင်း၊ မြန်မာ့ယဉ်ကျေးမှုပြယုဂ်တစ်ခု အဖြစ်လည်းကောင်း တည်ရှိပြီး မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်တစ်ခုအဖြစ် ဆက်လက်ရပ်တည်နိုင်အောင် ပူပေါင်းပါဝင်ဆောင်ရွက်ကြသင့်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။

**Source:** ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး

## ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလအထိ မြန်မာဆန်စပါးအွန်လိုင်း (Myanmar Rice Online-MyRO) တွင် ဆန်စပါးသိုလှောင်ရုံများ မှတ်ပုံတင်ထားရှိမှု

ဆန်စပါးသိုလှောင်မှုလုပ်ငန်းများ၊ သိုလှောင်မှု အခြေအနေများနှင့် နိုင်ငံအနှံ့ရှိ သိုလှောင်ရုံများကို ဒီဂျစ်တယ် နည်းလမ်းဖြင့် စနစ်တကျမှတ်ပုံတင်နိုင်သည့် မြန်မာ ဆန်စပါးအွန်လိုင်း (Myanmar Rice Online - MyRO) အား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်တို့ပူးပေါင်း၍ ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၃ ရက်နေ့မှ စတင်၍ အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိကြောင်း၊ အဆိုပါ မြန်မာဆန်စပါးအွန်လိုင်း (MyRO) တွင် အွန်လိုင်းစနစ်ဖြင့် သိုလှောင်ရုံ မှတ်ပုံတင်ခြင်း လုပ်ငန်းများကို သိုလှောင်ရုံအကျယ်အဝန်း သတ်မှတ်ချက်များ အလိုက် အုပ်စု ၄ စုခွဲ၍ ကောက်ခံ လျက်ရှိရာ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့မှ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့ထိ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် မှတ်ပုံတင်ထားသည့် ဆန်စပါးသိုလှောင်ရုံ ၅,၄၆၆ လုံး မှတ်ပုံတင်ထားရှိ ကြောင်း သတင်းရရှိပါသည်။

**Source:** သတင်း/နည်း

| စဉ် | တိုင်းဒေသကြီး | ကုမ္ပဏီ | | | လူပုဂ္ဂိုလ် /လုပ်ငန်းရှင် | | | သိုလှောင်ရုံပေါင်း |
|---|---|---|---|---|---|---|---|---|
| | | အသေးစား | အလတ်စား | အကြီးစား | အသေးစား | အလတ်စား | အကြီးစား | |
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး | ၀ | ၁ | ၂ | ၄၅ | ၅၃ | ၇၅ | ၁၇၆ |
| ၂ | တနင်္သာရီတိုင်းဒေသကြီး | ၀ | ၀ | ၀ | ၁၀၀ | ၁၂ | ၅ | ၁၁၇ |
| ၃ | နေပြည်တော်ကောင်စီနယ်မြေ | ၀ | ၁ | ၉ | ၆၀ | ၇၆ | ၂၃ | ၁၆၉ |
| ၄ | ပဲခူးတိုင်းဒေသကြီး | ၂ | ၃ | ၂၄ | ၁၆၂ | ၅၄၅ | ၃၂၁ | ၁၀၅၇ |
| ၅ | မကွေးတိုင်းဒေသကြီး | ၀ | ၀ | ၁ | ၁၅၂ | ၁၇၇ | ၃၂ | ၃၆၂ |
| ၆ | မန္တလေးတိုင်းဒေသကြီး | ၁ | ၇ | ၁၈ | ၂၄၃ | ၁၇၈ | ၅၄ | ၅၀၁ |
| ၇ | ရန်ကုန်တိုင်းဒေသကြီး | ၂ | ၁၄ | ၁၉၇ | ၂၆၁ | ၃၁၉ | ၁၃၆ | ၉၂၉ |
| ၈ | ဧရာဝတီတိုင်းဒေသကြီး | ၀ | ၂၂ | ၆၆ | ၃၇၄ | ၇၆၀ | ၆၂၂ | ၁၈၄၄ |
| ၉ | ကချင်ပြည်နယ် | ၀ | ၀ | ၀ | ၁ | ၂ | ၀ | ၃ |
| ၁၀ | ကရင်ပြည်နယ် | ၀ | ၀ | ၁ | ၂၃ | ၁၅ | ၂ | ၄၁ |
| ၁၁ | မွန်ပြည်နယ် | ၀ | ၀ | ၁ | ၆၂ | ၇၆ | ၁၁ | ၁၅၀ |
| ၁၂ | ရခိုင်ပြည်နယ် | ၀ | ၁ | ၀ | ၀ | ၁ | ၀ | ၂ |
| ၁၃ | ရှမ်းပြည်နယ် | ၀ | ၃ | ၂ | ၃၇ | ၄၉ | ၂၄ | ၁၁၅ |
| | စုစုပေါင်း | ၅ | ၅၂ | ၃၂၁ | ၁၅၂၀ | ၂၂၆၃ | ၁၃၀၅ | ၅၄၆၆ |



## ပြည်တွင်း၊ ပြည်ပမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ

*ရှေ့ဖုံးမှအဆက်*

စားသုံးသူကာကွယ်ရေးကိစ္စရပ်များကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်စေရန်နှင့် မိတ်ဖက်အဖွဲ့အစည်းများမှ နည်းပညာအကူအညီများရယူ၍ အရင်းအမြစ် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ဖြစ်ကြောင်း သိရှိရပါသည်။

အစည်းအဝေးများတွင် အာဆီယံစားသုံးသူကာကွယ် ရေးကော်မတီအဖွဲ့ဝင်နိုင်ငံများက နိုင်ငံအလိုက်ဆောင် ရွက်နေသည့် စားသုံးသူကာကွယ်ရေးဆိုင်ရာ ဖြစ်ပေါ်တိုး တက်နေမှုအခြေအနေများ၊ အာဆီယံစားသုံးသူကာကွယ် ရေးမဟာဗျူဟာလုပ်ငန်းစီမံချက် (၂၀၁၆-၂၀၂၅) အရ လိုက်ပါဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များ၊ ၂၀၂၅ အလွန် ဆောင်ရွက်သွားမည့် စားသုံးသူကာကွယ်ရေးဆိုင်ရာကိစ္စ များ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများက ပေးအပ်လျက်ရှိ သည့် နည်းပညာအကူအညီများနှင့် အရင်းအမြစ် တည်ဆောက်ရေးဆိုင်ရာကိစ္စရပ်များ စသည်တို့ကို အလေးထားဆွေးနွေးခဲ့ကြကြောင်း၊ ယင်းအစည်းအဝေး များသို့ တက်ရောက်ခြင်းအားဖြင့် အာဆီယံနိုင်ငံများ အတွင်း ဆောင်ရွက်နေသော စားသုံးသူကာကွယ်ရေး လုပ်ငန်းများကို ပိုမိုသိရှိနားလည်ခွင့်ရရှိခြင်း၊ အာဆီယံနှင့် ဆွေးနွေးဖက်အဖွဲ့အစည်းများနှင့် နည်းပညာအကူအညီ ပေးအပ်မှုဆိုင်ရာကိစ္စရပ်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် စီမံကိန်းကိစ္စရပ်များကို ဆွေးနွေးခွင့်ရရှိ ခြင်း၊ အာဆီယံစားသုံးသူကာကွယ်ရေး မဟာဗျူဟာလုပ်ငန်း စီမံချက် (၂၀၂၆-၂၀၃၀) အရ ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးဖလှယ်ခွင့်ရရှိခြင်းစသည့် အကျိုးကျေးဇူးများရရှိခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** အာဆီယံ

## မြန်မာနိုင်ငံစားသုံးသူ ကာကွယ်ရေးကော်မရှင်ကဏ္ဍ

### စားသုံးသူရေးရာကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပ

စားသုံးသူကာကွယ်ရေးဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ (က) အရ စားသုံးသူကာကွယ်ရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရန်၊ စားသုံးသူနှင့် စီးပွားရေးလုပ်ငန်းရှင်တို့ အကြား အငြင်းပွားမှုဆိုင်ရာကိစ္စရပ်များကို ဖြေရှင်းပေးရန် နှင့် အတည်ပြုဆုံးဖြတ်ပေးရန်အတွက် မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးကော်မရှင်၏ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၂၁) ဖြင့် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး နှင့် ပြည်နယ် စားသုံးသူရေးရာကော်မတီများကို ဖွဲ့စည်း တာဝန်ပေးအပ်ထားရှိပါသည်။ အဆိုပါ စားသုံးသူရေးရာ ကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စားသုံးသူကာကွယ်ရေးနည်းဥပဒေများ၊ နည်းဥပဒေ ၃၁ အရ အနည်းဆုံး သုံးလလျှင်တစ်ကြိမ် ကျင်းပရမည်ဖြစ်ရာ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလအတွင်း ရှမ်းပြည်နယ်

*စာမျက်နှာ ၄ ကော်လံ ၁ သို့*

*စာမျက်နှာ ၃ မှ အဆက်*

စားသုံးသူရေးရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၃-၁၀-၂၀၂၅ ရက်နေ့တွင်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၈-၁၀-၂၀၂၅ ရက်နေ့တွင် လည်းကောင်း၊ မွန်ပြည်နယ်စားသုံးသူရေးရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၁၀-၁၀-၂၀၂၅ ရက်နေ့တွင် လည်းကောင်း၊ နေပြည်တော်နှင့် ကရင်ပြည်နယ် စားသုံးသူရေးရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၁၄-၁၀-၂၀၂၅ ရက်နေ့တို့တွင်လည်းကောင်း၊ မကွေးတိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၁၅-၁၀-၂၀၂၅ ရက်နေ့တွင်လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၁-၁၀-၂၀၂၅ ရက်နေ့တွင်လည်းကောင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၂-၁၀-၂၀၂၅ ရက်နေ့တို့တွင်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၉-၁၀-၂၀၂၅ ရက်နေ့တွင်လည်းကောင်း၊ ချင်းပြည်နယ် စားသုံးသူရေးရာကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၃၀-၁၀-၂၀၂၅ ရက်နေ့တွင်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးစားသုံးသူရေးရာကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၃၁-၁၀-၂၀၂၅ ရက်နေ့တို့တွင်လည်းကောင်း စုစုပေါင်း (၁၅) ကြိမ် ကျင်းပပြုလုပ်နိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** ကော်မရှင်

## စားသုံးသူတိုင်ကြားမှုနှင့် ဖြေရှင်းပေးမှုကဏ္ဍ

### အကောင့်အတွင်းမှ ငွေများထုတ်ယူခံရသဖြင့် တိုင်ကြားလာခြင်းအပေါ် ဖြေရှင်းပေးမှုအခြေအနေ

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်နေ တိုင်ကြားသူတစ်ဦးသည် Facebook Page Messenger မှ ပေးပို့သော Link အား မှားယွင်းနှိပ်မိခဲ့သည့်အတွက် pay အကောင့်မှ ခွင့်ပြုမထားသော ငွေအလွှဲအပြောင်းဖြစ်ပွားခဲ့ပြီး ဘဏ်နှင့်ချိတ်ဆက်ထားသော ငွေများကို ထုတ်ယူသွားပါသဖြင့် ဖြေရှင်းဆောင်ရွက်ပေးနိုင်ပါရန် စားသုံးသူရေးရာဦးစီးဌာနသို့ အီးမေးလ်ဖြင့် ပေးပို့တိုင်ကြားလာပါသည်။

တိုင်ကြားမှုနှင့်ပတ်သက်၍ ဌာနမှ တာဝန်ရှိသူများက တိုင်ကြားသူထံ ဆက်သွယ်မေးမြန်းခဲ့ရာ Facebook Page Messenger မှ ပေးပို့သော Link အား မှားယွင်းနှိပ်မိခဲ့သည့်အတွက် pay account မှ ခွင့်ပြုမထားသော ငွေအလွှဲအပြောင်းဖြစ်ပွားခဲ့ပြီး ငွေကျပ် ၁,၀၀၀,၀၀၀/-၊ ငွေကျပ် ၃၇၄,၀၀၀/- နှင့် ငွေကျပ် ၁၈,၀၀၀/- ၊ စုစုပေါင်း ငွေကျပ် ၁,၃၉၂,၀၀၀/- တို့အား ထုတ်ယူသွားသောကြောင့် သက်ဆိုင်ရာရဲစခန်းနှင့် ဘဏ် Call Center

*စာမျက်နှာ ၅ ကော်လံ ၁ သို့*



*စာမျက်နှာ ၂၄ မှအဆက်*

ဝန်ထမ်းများ တက်ရောက်ခဲ့ပြီး သထုံခရိုင်ရုံးမှ ဝန်ထမ်းများက အွန်လိုင်းဖြင့် တက်ရောက်ခဲ့ကြောင်း၊ စားသုံးသူရေးရာဌာနခွဲ တာဝန်ခံက စားသုံးသူတိုင်ကြားမှုနှင့် စပ်လျဉ်း၍ လက်ခံဖြေရှင်းဆောင်ရွက်မှုနှင့် အရေးယူမှုဆိုင်ရာညွှန်ကြားချက်၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုဌာနခွဲ တာဝန်ခံက Cyber security အကြောင်း သိကောင်းစရာများ၊ သထုံခရိုင်ရုံးမှ ဦးစီးအရာရှိက စစ်ဆေးရေးအရာရှိ၏ လုပ်ငန်းတာဝန်များအကြောင်း ဆွေးနွေးခဲ့ပြီး တက်ရောက်လာသော သင်တန်းသားသင်တန်းသူများက အပြန်အလှန်မေးမြန်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးရုံးများ

## သတင်းအချက်အလက်၊ နည်းပညာနှင့် အရည်အသွေးစီမံခန့်ခွဲမှုကဏ္ဍ

### ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလအတွင်း ဓာတ်ခွဲစမ်းသပ်ဆောင်ရွက်ခဲ့မှုအခြေအနေ



စားသုံးသူရေးရာဦးစီးဌာန၊ သတင်းအချက်အလက် နည်းပညာနှင့် အရည်အသွေးစီမံခန့်ခွဲရေးဌာနခွဲ၊ ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှုဌာနစု (လှည်းကူး) ၏ ဓာတ်ခွဲခန်းများမှ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလအတွင်း လုပ်ငန်းရှင် ၆၇ ဦးက အပ်နှံလာသော သီးနှံအမျိုးအစား ၂၀ မျိုး၊ စုစုပေါင်း နမူနာအရေအတွက် ၁၇၃ ခု၊ ဓာတ်ခွဲစမ်းသပ်မှုပေါင်း ၄၉၉ ခုကို ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းများ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလအတွင်း လယ်ယာထွက်ကုန်ပို့ကုန်များအား တရုတ်၊ ဂျပန်၊ ထိုင်ဝမ်၊ ပိုလန်နှင့် ဘူဂေးရီးယားနိုင်ငံများသို့ တင်ပို့နိုင်ရေးအတွက် ဆန်ဖြူ၊ ဆန်ကွဲ၊ နှမ်းနက်သိပ္ပံ၊ နှမ်းနက်ရိုးရိုး၊ နှမ်းညို၊ နှမ်းဖြူ၊ မတ်ပဲ၊ ပဲလွန်း၊ ပဲစဉ်းငုံဖြူ၊ ပဲထောပတ်၊ ပဲပိစပ်ဖတ်၊ ပဲယင်းနီ၊ မတ်ပဲအခွံချွတ်ခွဲခြမ်း၊ မတ်ပဲအခွံချွတ်နှင့် ဘိုကိတ်ပဲတို့တွင် ပိုးသတ်ဆေးဓာတ်ကြွင်းပါရှိမှု၊ မှိုဆိပ်ပါရှိမှု၊ သီးနှံဓာတုအရည်အသွေးနှင့် သီးနှံရူပအရည်အသွေးစသည့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်း၊ အင်ဒိုနီးရှားနိုင်ငံမှ တင်သွင်းလာသည့် စားအုန်းဆီများ၏ အရည်အသွေးများကို ဓာတ်ခွဲစမ်းသပ်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ဓာတ်ခွဲခန်းအလိုက် ဓာတ်ခွဲ စမ်းသပ်မှုအနေဖြင့် ပိုးသတ်ဆေးဓာတ်ကြွင်းဓာတ်ခွဲခန်း မှ ၉၁ ခု၊ မှိုဆိပ်ဓာတ်ခွဲခန်းမှ ၁၀ ခု၊ ဆီနှင့်ဆီထွက်သီးနှံဓာတ်ခွဲခန်း မှ ၃၆၇ ခု၊ သီးနှံဓာတု ဓာတ်ခွဲခန်း မှ ၂၆ ခု၊ သီးနှံရူပဓာတ်ခွဲခန်းမှ ၅ ခု၊ စုစုပေါင်းဓာတ်ခွဲစမ်းသပ်မှု ၄၉၉ ခု ဆောင်ရွက်နိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** သတင်း/နည်း

| စဉ် | တိုင်းဒေသကြီး / ပြည်နယ် | လုပ်ငန်းဆောင်ရွက်သည့်အကြိမ်ပေါင်း | | | | | | | | | | | | | တိုင်းစားသုံးသူရေးရာကော်မတီအစည်းအဝေး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဟောပြောသည့်နေရာ အရေအတွက် | | | | | | | | | အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း | လုပ်ငန်းရှင်တွေ့ဆုံဆွေးနွေးခြင်း | သင်တန်းများဖွင့်လှစ်ခြင်း | |
| | | ကျောင်း | ရပ်ကွက်ကျေးရွာ | တပ်ရင်း+ဌာန+အသင်း | Online/ Media (Talk Show) | စက်ရုံအလုပ်ရုံ | ဈေး | ပြခန်း | အခြား | စုစုပေါင်း | | | | |
| ၁ | ကချင် | ၁ | ၂ | - | - | ၁ | - | - | - | ၄ | - | ၄ | ၁ | ၁ |
| ၂ | ကယား | ၁ | - | - | ၁ | - | - | - | - | ၂ | - | ၁ | - | ၁ |
| ၃ | ကရင် | ၂ | - | - | ၁ | - | - | - | - | ၃ | - | ၂ | - | ၁ |
| ၄ | ချင်း | ၁ | - | - | - | - | - | - | - | ၁ | - | ၁ | - | ၁ |
| ၅ | စစ်ကိုင်း | ၅ | - | ၃ | - | ၆ | - | - | - | ၁၄ | - | ၂၃ | ၁ | ၁ |
| ၆ | တနင်္သာရီ | ၆ | - | ၁ | - | - | - | - | - | ၇ | - | ၁၆ | ၁ | ၁ |
| ၇ | ပဲခူး | ၂၈ | ၁၅ | ၁ | ၅ | ၂ | - | - | - | ၅၁ | - | ၆၉ | - | ၁ |
| ၈ | မကွေး | ၁၁ | ၂ | ၇ | ၆ | - | ၄ | - | - | ၃၀ | - | ၅၈ | ၁ | ၁ |
| ၉ | မန္တလေး | ၁၀ | ၉ | ၅ | ၇ | - | - | - | ၃ | ၃၄ | ၁ | ၄၈ | ၄ | ၁ |
| ၁၀ | မွန် | ၇ | - | - | ၄ | - | ၁ | - | - | ၁၂ | - | ၄ | ၁ | ၁ |
| ၁၁ | ရခိုင် | - | - | ၁ | - | - | - | - | - | ၁ | - | ၁ | - | ၁ |
| ၁၂ | ရန်ကုန် | ၁၁ | ၃ | - | ၂ | ၂ | ၁ | ၁ | - | ၂၀ | - | ၂၁ | ၁ | ၁ |
| ၁၃ | ရှမ်းတောင် | - | - | ၁ | ၁ | - | - | - | - | ၂ | - | ၁၅ | - | ၁ |
| ၁၄ | ရှမ်းမြောက် | - | ၁ | - | - | - | - | - | - | ၁ | - | ၆ | - | - |
| ၁၅ | ရှမ်းအရှေ့ | ၁ | - | - | - | ၁ | - | - | - | ၂ | - | ၂ | - | - |
| ၁၆ | ဧရာဝတီ | ၂၆ | ၇ | ၅ | ၂၄ | ၂ | - | - | - | ၆၄ | - | ၃၆ | - | ၁ |
| ၁၇ | ပြည်ထောင်စုနယ်မြေ | ၂ | - | ၁ | ၁ | - | - | - | - | ၄ | - | ၁ | - | ၁ |
| | ပြည်ထောင်စုချုပ် | ၁၁၂ | ၃၉ | ၂၅ | ၅၂ | ၁၄ | ၆ | ၁ | ၃ | ၂၅၂ | ၁ | ၃၀၈ | ၁၀ | ၁၅ |

Source: အသိပညာပေး

## ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ ကျင်းပ

စားသုံးသူရေးရာဦးစီးဌာနရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးရုံးများတွင် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားစေရေးအတွက် သင်တန်းများ ဖွင့်လှစ်ပို့ချလျက်ရှိရာ ၂၀၂၅ ခုနှစ် အောက်တိုဘာလအတွင်း **စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** မုံရွာမြို့၊ တိုင်းဒေသကြီးဦးစီးမှူးရုံးတွင် အွန်လိုင်းအသုံးပြု၍ စားသုံးသူရေးရာသင်တန်း (၁) ကြိမ်ဖွင့်လှစ်ခဲ့ကြောင်း၊ **မွန်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်**လည်း စားသုံးသူကာကွယ်ရေးဆိုင်ရာ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး Online သင်တန်းအမှတ်စဉ် (၄/၂၀၂၅) သင်တန်း ကျင်းပပြုလုပ်ခဲ့ရာ ပြည်နယ်ရုံး၊ မော်လမြိုင်ခရိုင်ရုံးမှ

*စာမျက်နှာ ၂၅ ကော်လံ ၁ သို့*



*စာမျက်နှာ ၄ မှအဆက်*

သို့ ဆက်သွယ်တိုင်ကြားခဲ့ကြောင်း ပြောကြားခဲ့သဖြင့် စားသုံးသူကာကွယ်ရေး နည်းဥပဒေများ၊ နည်းဥပဒေ ၈၀ (ဂ) အရ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း တစ်ခုခုသို့ တိုင်ကြားထားသည့် ကိစ္စများအပေါ် ဖြေရှင်းဆောင်ရွက်ခြင်းမပြုရဟု ပြဋ္ဌာန်းထားသည့်အတွက် တိုင်ကြားမှုအား လက်ခံဖြေရှင်းဆောင်ရွက်၍ မရပါကြောင်း တိုင်ကြားသူကို ရှင်းလင်းပြောကြားခဲ့ပြီး တိုင်ကြားမှုအား ပိတ်သိမ်းဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

Source: CICC

## ဆေးမှုတ်လုပ်ငန်းမှ ဆေးမှုန့်များကြောင့် ကျန်းမာရေးထိခိုက်နိုင်သဖြင့် ဖြေရှင်းဆောင်ရွက်ပေးပါရန် တိုင်ကြားလာခြင်းအပေါ် ဖြေရှင်းပေးမှုအခြေအနေ



မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်နေ တိုင်ကြားသူတစ်ဦးသည် (ကား၊ သုံးဘီး၊ ဆိုင်ကယ်) ဆေးမှုတ်သည့် လုပ်ငန်းတစ်ခုသည် ၎င်း၏ နေအိမ်ဘေးတွင် စီးပွားဖြစ်လုပ်ဆောင်နေပြီး ဆေးမှုတ်သည့်အချိန်တွင် ဆေးအမှုန့်များ ၎င်း၏ နေအိမ်သို့ နေ့စဉ်နှင့်အမျှ အများအပြားဝင်ရောက်နေသဖြင့် အိမ်အတွင်းဆေးမှုန့်၏ အနံ့အသက်များ နံလျက်ရှိကြောင်း၊ ရေရှည်တွင် ကျန်းမာရေးဆိုးရွားစွာ ထိခိုက်လာနိုင်သည့်အတွက် ဖြေရှင်းဆောင်ရွက်ပေးပါရန် စားသုံးသူရေးရာဦးစီးဌာနသို့ စာဖြင့်ပေးပို့ တိုင်ကြားလာပါသည်။

တိုင်ကြားမှုနှင့်ပတ်သက်၍ ဌာနမှ တာဝန်ရှိသူများက ပြည်နယ်စည်ပင်သာယာရေးအဖွဲ့သို့ အကြောင်းကြားဆောင်ရွက်ခဲ့ရာ မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ စိစစ်ရာတွင် လုပ်ငန်းရှင်တစ်ဦးသည် နေအိမ်အောက်ထပ်တွင် (24’x16’) အတိုင်းအတာရှိသော အလုပ်ရုံနှင့် နေအိမ်ရှေ့မြေကွက်လပ်တို့၌ ဆေးမှုတ်လုပ်ငန်းအား လုပ်သား (၄) ဦးဖြင့် နေ့စဉ်နံနက် ၀၇:၀၀ နာရီမှ ညနေ ၁၇:၃၀ နာရီထိ လုပ်ငန်းဆောင်ရွက်နေကြောင်း၊ တိုင်ကြားသူ၏နေအိမ်နှင့် ဆေးမှုတ်လုပ်ငန်း၏ အလုပ်ရုံမှာ (၁၀) ပေခန့်သာ ကွာဝေးသဖြင့် လုပ်ငန်းဆောင်ရွက်နေစဉ်ထွက်ရှိလာသော ဆေးအနံ့အသက်နှင့် ဆေးမှုန့်များသည် တိုင်ကြားသူနေအိမ်ဘက်သို့ ပျံ့လွင့်မှုရှိနိုင်သည်ကို တွေ့ရှိရကြောင်း၊ အနံ့အသက်နှင့် ဆေးမှုန့်များ တိုင်ကြားသူ နေအိမ်ဘက်သို့ ပြန့်လွင့်မှုလျော့နည်းစေရေးအတွက် တိုင်ကြားသူ၏ နေအိမ်ဘက်ခြမ်းရှိ အလုပ်ရုံအား တာလပတ်အစ၊ ပလတ်စတစ်အကြည်စတို့ဖြင့် ကာရံထားသော်လည်း အလုပ်ရုံအပြင်၌ လုပ်ငန်း ဆောင်ရွက်ချိန်တွင် တိုင်ကြားသူ၏ နေအိမ်ဘက်သို့ သက်ရောက်မှုရှိစေနိုင်သည့်အတွက် ရေရှည်တွင် ပတ်ဝန်းကျင်နေထိုင်သူတို့အပေါ် ကျန်းမာရေးထိခိုက်နိုင်သည်ကို တွေ့ရှိရ

*စာမျက်နှာ ၆ ကော်လံ ၁ သို့*

*စာမျက်နှာ ၅ မှအဆက်*

ကြောင်း၊ စည်ပင်သာယာရေးအဖွဲ့တွင် လုပ်ငန်းလိုင်စင်ရယူဆောင်ရွက်ထားမှုမရှိကြောင်းတို့ကို စစ်ဆေးတွေ့ရှိရသဖြင့် ဆေးမှုတ်လုပ်ငန်းနှင့်ပတ်သက်၍ အဖွဲ့၏ ခွင့်ပြုချက်မရှိဘဲ လုပ်ငန်းဆောင်ရွက်ခြင်းအတွက် စီမံခန့်ခွဲရေး ဒဏ်ကြေးငွေကျပ် ၁၀၀,၀၀၀/-ကို ပေးဆောင်ရန်နှင့် ဆေးမှုတ်လုပ်ငန်းအား စက်မှုဇုန် သို့မဟုတ် အခြားသင့်လျော်ရာနေရာသို့ ပြောင်းရွှေ့ဆောင်ရွက်သွားရန် အသိပေးအကြောင်းကြားထားပြီးဖြစ်ပါကြောင်း၊ လိုက်နာဆောင်ရွက်ခြင်းမရှိပါက မွန်ပြည်နယ် စည်ပင်သာယာရေး ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကိုလည်း လုပ်ငန်းရှင်အား အကြောင်းကြားစာပေးပို့ထားပြီးဖြစ်ကြောင်းနှင့် ညွှန်ကြားထားမှုများကို သတ်မှတ်ရက်အတွင်း လိုက်နာမှုရှိ-မရှိ စိစစ်ဆောင်ရွက်သွားမည်ဖြစ်သည်ဟု အကြောင်းပြန်ကြားလာခဲ့ကြောင်း ဌာနမှ တာဝန်ရှိသူများက ဆောင်ရွက်မှုအခြေအနေများကို တိုင်ကြားသူထံ ဆက်သွယ်ရှင်းပြခဲ့ပြီး တိုင်ကြားသူကလည်း ကျေနပ်မှုရှိပါသောကြောင့် တိုင်ကြားမှုအား ပိတ်သိမ်းဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: CICC**

## ရေသန့်တွင် အနည်များပါနေသဖြင့် တိုင်ကြားလာခြင်းအပေါ် ဖြေရှင်းပေးမှု အခြေအနေ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်နေ တိုင်ကြားသူတစ်ဦးသည် ရေသန့်လုပ်ငန်းတစ်ခုမှ ရောင်းချသော ရေသန့်ဘူးများတွင် အနည်များပါနေသဖြင့် ရေသန့်လုပ်ငန်းသို့ ဆက်သွယ်အကြောင်းကြားသော်လည်း အနည်များပါနေဆဲဖြစ်သောကြောင့် ဖြေရှင်းဆောင်ရွက်ပေးနိုင်ပါရန် စားသုံးသူရေးရာဦးစီးဌာနသို့ Call Center (၁၅၃၅) မှ တစ်ဆင့် ခေါ်ဆိုတိုင်ကြားလာပါသည်။

တိုင်ကြားမှုနှင့်ပတ်သက်၍ စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများက အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA)၊ မြို့နယ်စည်ပင်သာယာရေးနှင့် အထွေထွေအုပ်ချုပ်ရေးမှူးရုံးများမှ တာဝန်ရှိသူများပါဝင်သော ပူးပေါင်း အဖွဲ့ဖြင့် တိုင်ကြားခံရသည့် ရေသန့်လုပ်ငန်းသို့ ကွင်းဆင်းစစ်ဆေးခဲ့ပြီး ရေသန့်လုပ်ငန်းပိုင်ရှင်နှင့် တွေ့ဆုံဆွေးနွေးရာတွင် ရေသန့်လုပ်ငန်းရှင်က စားသုံးသူထံမှ တိုက်ရိုက် Complaint ရှိသည့်အခါ စက်ရုံမှ တာဝန်ရှိသူများ ကိုယ်တိုင်သွားရောက်၍ ဖြစ်စဉ်အား မေးမြန်းပြီး ရေဘူးကို ပြန်လည်ယူဆောင်ကာ ဓာတ်ခွဲခန်းသို့ ပို့ဆောင်စစ်ဆေးကြောင်း၊ ရရှိလာသော အဖြေအား စားသုံးသူထံသို့ ပြန်လည်ပြောကြားပေးကြောင်း၊ စားသုံးသူမှ သောက်သုံးရေလိုအပ်ချက်အရ အခြားသူထံမှ ဝယ်ယူခဲ့ပြီး ဘူးခွံလဲလှယ်ရာတွင်လည်း အနည်ပါရှိနိုင်ကြောင်း၊ ရောင်းချသူလက်ကားကိုယ်စားလှယ်၏ ရေဘူးထားသိုမှု မမှန်ကန်ခြင်း၊ သယ်ယူပို့ဆောင်ရာတွင်လည်း ဝန်ထမ်းများ၏ လိုအပ်ချက်ကြောင့်ဖြစ်နိုင်ကြောင်း ရှင်းလင်းပြောကြားခဲ့သည့်အပေါ် နောက်နောင် ယခုကဲ့သို့ ဖြစ်စဉ်မျိုး ထပ်မံမဖြစ်ပွားစေရန် အထူးဂရုပြု ဆောင်ရွက်သွားမည်

*စာမျက်နှာ ၇ ကော်လံ ၁ သို့*



*စာမျက်နှာ ၂၂ မှအဆက်*

ဟောပြောခဲ့ကြောင်း၊ မုဒုံမြို့နယ်၊ ကျိုက်မရောမြို့နယ်၊ ကျိုက်ထိုမြို့နယ်၊ ဘီလင်းမြို့နယ်၊ ပေါင်မြို့နယ်များရှိ မြို့နယ်တာဝန်ခံတို့သည် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်ပူးပေါင်း၍ စားသုံးသူအသိပညာပေး Talk Show အစီအစဉ်များ ကျင်းပပြုလုပ်ခဲ့ကြောင်း၊ ထို့ပြင် စီးပွားရေးလုပ်ငန်းရှင်တွေ့ဆုံမှုအနေဖြင့် မော်လမြိုင်မြို့နယ် ရွှေတောင်ရပ်ကွက်ရှိ ပဲကြော်လုပ်ငန်းရှင်၊ မုဒုံမြို့နယ်ရှိ စားအုန်းဆီရောင်းချသည့် လုပ်ငန်းရှင်များ၊ ချောင်းဆုံမြို့နယ်ရှိ ခေါက်မုန့်ရောင်းချသည့် လုပ်ငန်းရှင်၊ ယိုမျိုးစုံရောင်းချသည့် လုပ်ငန်းရှင်နှင့် သထုံမြို့၊ လိပ်အင်းရပ်ကွက်ရှိ ယိုးဒယားအချဉ်ရည်ဘူးမျိုးစုံလုပ်ငန်းရှင်၊ ကျိုက်ထိုမြို့နယ် ကင်းမွန်းစခန်း၊ တောင်ကလေးကျေးရွာရှိ သောက်ရေသန့်လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရမည့် တာဝန်များအကြောင်း အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

**ရခိုင်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** ရခိုင်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတွင် ဖွင့်လှစ်သော ပေါင်မုန့်၊ ကိတ်မုန့် ထုတ်လုပ်မှုနည်းပညာသင်တန်းရှိ သင်တန်းသူသင်တန်းသားများအား စားသုံးသူကာကွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များ၊ တိုင်ကြားနိုင်သည့် နည်းလမ်းများ အသိပညာပေးဟောပြောခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရပါသည်။

**ရှမ်းပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** ကျိုင်းတုံမြို့ အ. ထ. က (၆) ကျောင်းရှိ ဆရာမများနှင့် ကျောင်းသား



ကျောင်းသူများ၊ ရပ်ကွက် (၄)၊ မြို့သစ်ရပ်ကွက်အတွင်းရှိ သောက်ရေသန့်ထုတ်လုပ်ရေးစက်ရုံမှ ဝန်ထမ်းများအား စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာများ ဟောပြောခဲ့ကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးမှုအနေဖြင့် လဲချားမြို့ပေါ်ရှိ သောက်ရေသန့်လုပ်ငန်းရှင်၊ ကျိုင်းတုံမြို့ တာခွယ်ကျေးရွာ၊ ယန်းကျိန်ကျေးရွာအုပ်စုအတွင်းရှိ ဝက်ခေါက်နှင့် အမဲခေါက်လုပ်ငန်းရှင်၊ မိုင်းဆတ်မြို့ ဝိန်းနေရပ်အတွင်းရှိ သောက်ရေသန့်လုပ်ငန်းရှင်များနှင့် လားရှိုးမြို့ပေါ်ရှိ စတိုးဆိုင်၊ ကုန်စုံဆိုင်နှင့် မီနီမတ်လုပ်ငန်းရှင်များအား စားသုံးသူကာကွယ်ရေးဥပဒေပါ စီးပွားရေးလုပ်ငန်းရှင်နှင့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုအပေါ် တာဝန်ယူမှုနှင့်စပ်လျဉ်း၍ အာမခံချက်ပေးခြင်း၊ ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့်စပ်လျဉ်း၍ သိသာထင်ရှားစွာ ဖော်ပြရမည့်အချက်များ၊ တားမြစ်ချက်များနှင့်ပြစ်မှု၊ ပြစ်ဒဏ်များအကြောင်း ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။


**Source: ပြည်နယ်ဦးစီးမှူးရုံးများ**

*စာမျက်နှာ ၂၁ မှအဆက်*

ကိုက်ညီမှုမရှိသည့် ကုန်စည်ကို ထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်း သို့မဟုတ် ရောင်းချခြင်းမပြုရန်၊ ကုန်ပစ္စည်းသတိပေးချက်များ ထုတ်ပြန်ထားရှိမှုအခြေအနေတို့ကို ဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

**ကယားပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** လွိုင်ကော်မြို့ အ. ထ. က (၂) ကျောင်းမှ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် သောက်ရေသန့်စက်ရုံမှ ဝန်ထမ်းများအား စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာများ၊ ကုန်စည်များအပေါ် ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးကော်မရှင် ညွှန်ကြားချက်နှင့်အညီ ကုန်စည်များကို စနစ်တကျထုတ်လုပ်နိုင်ရန်အတွက် ကုန်အညွှန်းအမှတ်အသားအကြောင်းနှင့် စားသုံးသူနစ်နာဆုံးရှုံးမှုများနှင့်ပတ်သက်၍ တိုင်ကြားနိုင်သည့် နည်းလမ်းများအကြောင်းတို့ကို အသိပညာပေးဟောပြောခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရပါသည်။

**ကရင်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** ဘားအံမြို့ရှိ NBLC ကိုယ်ပိုင်အထက်တန်းကျောင်းနှင့် ရက်ကန်းအသက်မွေးသင်တန်းကျောင်းတို့ရှိ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများအား စားသုံးသူကာကွယ်ရေးဆိုင်ရာအသိပညာများ ဟောပြောခဲ့ကြောင်း၊ မြဝတီမြို့ရှိ ဆန်လုပ်ငန်းရှင်များ၊ ဝဥလုပ်ငန်းရှင်များ၊ ဆိတ်ချေးခါးလုပ်ငန်းရှင်များအား သွားရောက်တွေ့ဆုံ၍ ကုန်အညွှန်းအမှတ်အသားအကြောင်းနှင့် စားသုံးသူနစ်နာဆုံးရှုံးမှုများ




နှင့်ပတ်သက်၍ တိုင်ကြားနိုင်သည့်နည်းလမ်းများအကြောင်းကို အသိပညာပေးဟောပြောခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း၊ ထို့အပြင် မြဝတီမြို့ရှိ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်ပူးပေါင်း၍ စားသုံးသူကာကွယ်ရေးဆိုင်ရာ Talk Show အစီအစဉ် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရှိရပါသည်။

**မွန်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** ကျိုက်မရောမြို့နယ် ရှင်စောပုရပ်ကွက် (၂) အ. ထ. က (ခွဲ) ကျောင်း၊ မော်လမြိုင်မြို့နယ် အ. ထ. က (၁၂) ကျောင်းနှင့် အ. လ. က (၃) ကျောင်း၊ ချောင်းဆုံမြို့နယ် အ. မ. က (ကညော်)နှင့် (မုလွန်-ကတောင်စိန်) ကျောင်း၊ မုဒုံမြို့နယ် အ. မ. က (ကန်ကြီး) ကျောင်းနှင့် သထုံမြို့နယ် အ. လ. က (အောင်မြင်ရွှေဘုံ) ကျောင်းနှင့် အ. ထ. က (၁) ကျောင်း၊ ဘီလင်းမြို့နယ် အ. မ. က မြို့သစ်ကျောင်းတို့၌ စားသုံးသူအခွင့်အရေးနှင့်တာဝန်များ၊ စားသုံးသူထိခိုက်နစ်နာဆုံးရှုံးမှုရှိပါက တိုင်ကြားနိုင်သည့် နည်းလမ်းများနှင့် အွန်လိုင်းရောင်းချမှုဆိုင်ရာများ အသိပညာပေး

*စာမျက်နှာ ၂၃ ကော်လံ ၁ သို့*



*စာမျက်နှာ ၆ မှအဆက်*

ဖြစ်ကြောင်း ဝန်ခံကတိရေးထိုးစေခဲ့ကြောင်း၊ စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူက တိုင်ကြားသူထံ ဆက်သွယ်၍ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့မှု အခြေအနေများအား ရှင်းလင်းပြောကြားခဲ့ရာ တိုင်ကြားသူမှ ကျေနပ်မှုရှိသောကြောင့် တိုင်ကြားမှုအား ပိတ်သိမ်းဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။ **Source: CICC**

**၂၀၂၅ ခုနှစ်၊ အောက်တိုဘာလအတွင်း CICC များသို့ တိုင်ကြားမှု၊ ဖြေရှင်းပြီးစီးမှုနှင့်ဖြေရှင်းရန်ကျန်စာရင်း**

| စဉ် | တိုင်းဒေသကြီး / ပြည်နယ် / ခရိုင် | အောက်တိုဘာလ တိုင်ကြားမှု | | တိုင်ကြားမှုနည်းလမ်းများ | | | | တိုင်ကြားမှု | | | ဖြေရှင်းပြီးစီးမှု | | | | ဖြေရှင်းရန် ကျန်ရှိမှု | ဆောင်ရွက်မှု အခြေအနေ (%) |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ကုန်စည် | ဝန်ဆောင်မှု | Website | FB Page/ စာ/ဖုန်း/ email | ၁၅၃၅ Call Center | ဦးစီးမှူးရုံး | စက်တင်ဘာလ ဖြေရှင်းရန်ကျန် | အောက်တိုဘာလ | ပေါင်း | စက်တင်ဘာလ လက်ကျန်မှ | အောက်တိုဘာလ ကုန်စည် | အောက်တိုဘာလ ဝန်ဆောင်မှု | ပေါင်း | | |
| ၁ | ကချင်ပြည်နယ် | | | | | | | | | | | | | | | |
| ၂ | ကယားပြည်နယ် | ၁ | | | | ၁ | | | ၁ | ၁ | | ၁ | | ၁ | ၀ | ၁၀၀.၀၀% |
| ၃ | ကရင်ပြည်နယ် | | | | | | | | | | | | | | | |
| ၄ | ချင်းပြည်နယ် | | | | | | | | | | | | | | | |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | | ၂ | ၂ | | | | | ၂ | ၂ | ၀ | | ၁ | ၁ | ၁ | ၅၀.၀၀% |
| ၇ | ပဲခူးတိုင်းဒေသကြီး | | ၁ | | ၁ | | | ၄ | ၁ | ၅ | ၁ | | | ၁ | ၄ | ၂၀.၀၀% |
| ၈ | မကွေးတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၁ | ၆ | ၃ | ၁ | | ၃ | ၅ | ၇ | ၁၂ | ၂ | | ၃ | ၅ | ၇ | ၄၁.၆၇% |
| ၁၀ | မွန်ပြည်နယ် | ၂ | | | ၂ | | | ၂ | ၂ | ၄ | ၂ | ၁ | | ၃ | ၁ | ၇၅.၀၀% |
| ၁၁ | ရခိုင်ပြည်နယ် | | | | | | | | | | | | | | | |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၁ | ၁၃ | ၁၂ | ၂ | | | ၃၆ | ၁၄ | ၅၀ | ၁၁ | | ၁ | ၁၂ | ၃၈ | ၂၄.၀၀% |
| ၁၃ | ရှမ်း(တောင်)တောင်ကြီး | | ၁ | ၁ | | | | | ၁ | ၁ | | | | ၀ | ၁ | ၀.၀၀% |
| ၁၄ | ရှမ်း(မြောက်)လားရှိုး | | | | | | | | | | | | | | | |
| ၁၅ | ရှမ်း(ရှေ့)ကျိုင်းတုံခရိုင် | | | | | | | | | | | | | | | |
| ၁၆ | ဧရာဝတီတိုင်းဒေသကြီး | | | | | | | ၄ | | ၄ | ၂ | | | ၂ | ၂ | ၅၀.၀၀% |
| ၁၇ | ပြည်ထောင်စုနယ်မြေ | ၁ | | | ၁ | | | ၃ | ၁ | ၄ | ၁ | | | ၁ | ၃ | ၂၅.၀၀% |
| ၁၈ | စားသုံးသူရေးရာဦးစီးဌာန (ရုံးချုပ်) | | | | | | | | | | | | | | | |
| | စုစုပေါင်း | ၆ | ၂၃ | ၁၈ | ၇ | ၁ | ၃ | ၅၄ | ၂၉ | ၈၃ | ၁၉ | ၂ | ၅ | ၂၆ | ၅၇ | ၃၁.၃၃% |
| | | ၂၉ | | ၂၉ | | | | | | | | ၇ | | | | |

## ထုတ်ကုန်လုံခြုံစိတ်ချရမှုကဏ္ဍ

**Source: CICC**

### တိုင်းဒေသကြီးများအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်

စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် စိတ်ချရမှုရှိစေရေး၊ ကုန်စည်နှင့် ဘေးအန္တရာယ်ရှိသော ကုန်စည်များ စားသုံးသူများ ဘေးအန္တရာယ် ဝန်ဆောင်မှုများ ဘေးအန္တရာယ် ဈေးကွက်အတွင်းမှ ပပျောက်သွားကင်းရှင်းရေး၊ ထုတ်ကုန်များ လုံခြုံ ကင်းရှင်းစွာ အသုံးပြုခွင့်ရရှိစေရေး၊ စေရေး၊ စားသုံးသူကာကွယ်ရေး

*စာမျက်နှာ ၈ ကော်လံ ၁ သို့*

စာမျက်နှာ ၇ မှအဆက်

ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုရှိစေရေးတို့အတွက် တိုင်းဒေသကြီးအလိုက် စားသုံးသူရေးရာကော်မတီက သတ်မှတ်ပေးထားသည့် တစ်နှစ်စာအတွင်း ဦးစားပေးဆောင်ရွက်မည့် ကုန်စည် (၁၀) မျိုးကို သက်ဆိုင်ရာ မိတ်ဖက်ဌာန အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဈေးကွက်စောင့်ကြည့် စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလအတွင်း-

**စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** စားသောက်ကုန်များ၊ လူသုံးကုန်များ၊ စက်ရုံများ၊ ဆေးဝါးမျိုးစုံနှင့် စက်သုံးဆီများအား ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်း ဆောင်ရွက်ခဲ့ရာ တစ်နှစ်စာအတွင်း ဦးစားပေးဆောင်ရွက်ရန် လျာထားသည့် ကုန်စည် (၁၀) မျိုးဖြစ်သည့် အသင့်သောက်အချိုရည်၊ နို့နှင့်နို့ထွက်ပစ္စည်းအမျိုးမျိုး၊ စည်သွပ်အစားအစာအမျိုးမျိုး၊ စားသုံးဆီအမျိုးမျိုး၊ အေးခဲအစားအစာအမျိုးမျိုး၊ သောက်ရေသန့်အမျိုးမျိုး၊ အရန်သင့်အစားအစာအမျိုးမျိုး၊ အာဟာရဖြည့်စွက်စာအမျိုးမျိုး၊ ကလေးကစားစရာအရုပ်နှင့် ပစ္စည်းအမျိုးမျိုး၊ သွားတိုက်ဆေးအမျိုးမျိုးတို့အား ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်း (၂၆) ကြိမ် ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ထားဝယ်မြို့ပေါ်ရှိ ကုန်စုံဆိုင်များ၊ ဆေးဆိုင်များ၊ ကမ်းနားပုံကျဈေး၊ ကုန်တိုက်များ၊ ရေထွက်ကုန်ပစ္စည်းလုပ်ငန်း၊ မြိတ်မြို့ပေါ်ရှိ ကုန်စုံဆိုင်များ၊ ကျောင်းမုန့်ဈေးတန်းများ၊ ဆေးဆိုင်များ၊ ဆိပ်ငယ်ရပ်ရှိ WED ရောင်းဝယ်ရေးလုပ်ငန်း၊ ကော့သောင်းမြို့ပေါ်ရှိ စတိုးဆိုင်များ၊ ကျောင်းမုန့်ဈေးတန်း၊ လေဟာပြင်ဈေးတို့အား သွားရောက်၍ ကုန်ညွှန်းအမှတ်အသားဖော်ပြရာတွင် စားသုံးသူကာကွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည့်စုံမှန်ကန်စွာ ဖော်ပြထားရှိရန်နှင့် သက်တမ်းလွန်ကုန်စည်များ ရောင်းချနေမှု ရှိ-မရှိ စစ်ဆေးခြင်း၊ ဆန်ဈေးနှုန်း၊ ဘိလပ်မြေဈေးနှုန်း၊ ဓာတ်မြေဩဇာဈေးနှုန်းများ စစ်ဆေးခြင်း၊ သက်ဆိုင်ရာ ထောက်ခံချက်များမပါရှိသည့် စားသုံးဆီများ ရောင်းချနေမှု ရှိ-မရှိစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။



**ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ပဲခူးခရိုင်ရှိ ပဲခူးမြို့နယ်၊ ကဝမြို့နယ်၊ ဝေါမြို့နယ်ရှိ စည်ပင်သာယာဈေးများ၊ ရပ်ကွက်ကုန်စုံဆိုင်များ၊ တောင်ငူခရိုင်ရှိ တောင်ငူမြို့နယ်၊ ရေတာရှည်မြို့နယ်၊ ဖြူးမြို့နယ်၊ အုတ်တွင်းမြို့နယ်တို့ရှိ မြို့မစည်ပင်သာယာဈေးများနှင့် ရပ်ကွက်ကုန်စုံဆိုင်များ၊ mini market များ၊ စတိုးဆိုင်များ၊ အလှကုန်ပစ္စည်းဆိုင်များ၊ ပြည်ခရိုင်ရှိ အောင်မင်္ဂလာဈေး၊ ဥသျှစ်ပင်စည်ပင်ဈေး၊ ပေါက်ခေါင်းမြို့နယ်ရှိ စည်ပင်သာယာဈေး၊ ရွှေတောင်မြို့ရှိ ရပ်ကွက်ကုန်စုံဆိုင်များ၊ mini market များ၊ စတိုးဆိုင်များ၊ သာယာဝတီခရိုင်ရှိ သာယာဝတီမြို့၊ ကြို့ပင်ကောက်မြို့၊ လက်ပံတန်းမြို့၊ မင်းလှမြို့၊ အုတ်ဖိုမြို့၊ မိုးညိုမြို့တို့ရှိ စည်ပင်သာယာဈေးများ၊ ရပ်ကွက်ကုန်စုံဆိုင်များ၊ ညောင်လေးပင်ခရိုင်ရှိ ပြွန်တန်ဆာမြို့နယ်၊ ကျောက်တံခါး

စာမျက်နှာ ၉ ကော်လံ ၁ သို့



စာမျက်နှာ ၂၀ မှ အဆက်

အ. လ. က (ဂဲကြီးသာစည်) ကျောင်းတို့ရှိ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများအား ကုန်အညွှန်းအမှတ်အသားဆိုင်ရာ ကိစ္စရပ်များ၊ Online Sale မှတ်ပုံတင်ခြင်းဆိုင်ရာကိစ္စရပ်များနှင့် စားသုံးသူအခွင့်အရေးနှင့် တာဝန်များအကြောင်း အသိပညာပေးဆွေးနွေးခဲ့ကြောင်း၊ ထို့ပြင် စီးပွားရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ လိုက်နာရမည့် တာဝန်ဝတ္တရားများနှင့် ကုန်ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချရာတွင် ကုန်အညွှန်းအမှတ်အသားများ ပြည့်စုံစွာပါရှိရေးနှင့် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအကြောင်း ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:တိုင်းဒေသကြီးဦးစီးမှူးရုံးများ**

## ပြည်နယ်များအတွင်း အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

စားသုံးသူရေးရာဦးစီးဌာနရှိ ပြည်နယ်ဦးစီးမှူးရုံးများသည် စားသုံးသူအခွင့်အရေးနှင့် အကျိုးစီးပွားများကို ကာကွယ်ရန် စားသုံးသူပြည်သူများအား အသိပညာပေးခြင်း၊ စီးပွားရေးလုပ်ငန်းရှင်များအား စီးပွားရေးကျင့်ဝတ်၊ စည်းကမ်းနှင့်အညီ ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်နိုင်စေရန်အတွက် အသိပညာပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလအတွင်း-

**ကချင်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** မြစ်ကြီးနားမြို့ စက်မှုဇုန်ရပ်ကွက်ရှိ စက်ရုံအလုပ်ရုံလုပ်သားများနှင့် ဝိုင်းမော်မြို့ အမှတ် (၃) ရပ်ကွက်ရှိ ပြည်သူများ၊ မိုးညှင်းမြို့နယ် နန်းမားမြို့ အ. မ. က (စက်ရုံကုန်း) ရှိ ဆရာဆရာမ၊ ကျောင်းသား ကျောင်းသူများနှင့် မိုးညှင်းမြို့နယ် ပင်းဟဲကျေးရွာရှိ ပြည်သူများအား စားသုံးသူကာကွယ်ရေးဆိုင်ရာ သိကောင်းစရာများ၊ အွန်လိုင်းမှတ်ပုံတင်ဆောင်ရွက်ခြင်းဆိုင်ရာများနှင့်ပတ်သက်သည့် အခြေခံအချက်အလက်များ၊ စားသုံးသူအခွင့်အရေးများ



နစ်နာဆုံးရှုံးမှုများရှိပါက တိုင်ကြားနိုင်သည့် နည်းလမ်းများအကြောင်း အသိပညာပေးဟောပြောခဲ့ကြောင်း၊ လုပ်ငန်းရှင်တွေ့ဆုံခြင်းနှင့်ပတ်သက်၍ မြစ်ကြီးနားမြို့ ဇေရာရပ်ကွက်ရှိ ကဖေးနှင့်မုန့်မျိုးစုံရောင်းချသည့် လုပ်ငန်းရှင်များနှင့် မြို့မရပ်ကွက်ရှိ ကုန်မျိုးစုံရောင်းချသည့်လုပ်ငန်းရှင်များ၊ မိုးညှင်းမြို့ စိမ်းတောင်ရပ်ကွက်ရှိ လက်ဖက်နှင့်အကြော်စုံ အမျိုးမျိုးရောင်းဝယ်ရေး လုပ်ငန်းရှင်များနှင့် သိမ်အင်းရပ်ကွက်ရှိ အလှကုန်ပစ္စည်း အမျိုးမျိုးရောင်းဝယ်ရေးလုပ်ငန်းရှင်များအား ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းဆိုင်ရာ အချက်အလက်များနှင့်

စာမျက်နှာ ၂၂ ကော်လံ ၁ သို့

စာမျက်နှာ ၁၉ မှ အဆက်



မြို့နယ်ရှိ ရာပြည့်ဈေးနှင့် လှိုင်သာယာမြို့နယ်တို့ရှိ ဖယောင်းတိုင်ထုတ်လုပ်သည့် လုပ်ငန်းရှင်များအား စားသုံးသူကာကွယ်ရေးဥပဒေပါ စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များ၊ ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့် စပ်လျဉ်း၍ ကုန်စည်အမျိုးအစားအလိုက် သတ်မှတ်ချက်များနှင့်အညီ ကုန်ပစ္စည်းများတွင် သိသာထင်ရှားစွာ ဖော်ပြရန် အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

**ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** တိုင်းဒေသကြီးအတွင်းရှိ ဆီလုပ်ငန်းရှင်များ၊ စားသောက်ကုန်လုပ်ငန်းရှင်များ၊ ကုန်စုံဆိုင်လုပ်ငန်းရှင်များ၊ ဆေးဆိုင်များ၊ ဆန်စက်လုပ်ငန်းရှင်များအား MyRo လစဉ် စပါးလက်ကျန်စာရင်းများ မှတ်ပုံတင်ရာတွင် လိုအပ်သည့် အချက်အလက်များအား အသိပညာပေးခြင်း၊ စီးပွားရေးလုပ်ငန်းရှင်များ၏ လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များ အသိပညာပေးခြင်း၊ ကုန်အညွှန်းအမှတ်အသားနှင့် ပတ်သက်ပြီး ထည့်သွင်းဖော်ပြရမည့် အချက်များ အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ သာပေါင်းမြို့နယ် ဖဲကုန်းကျေးရွာရှိ (အ. မ. က) ကျောင်း၊ ရေကြည်မြို့နယ်ရှိ ငါးသိုင်းချောင်း အ. ထ. က (ခွဲ) ကျောင်း၊ ကန်ကြီးထောင့်မြို့ အ. ထ. က ကျောင်းနှင့် ကျောင်းကုန်းမြို့ အ. ထ. က (ခွဲ) ကျောင်း၊ အိမ်မဲမြို့နယ် ဆင်ဆိပ်ကျေးရွာရှိ အ. မ. က ကျောင်း၊ လပွတ္တာမြို့ရှိ အမှတ် (၇) မူလွန်ကျောင်း၊ ဝါးခယ်မမြို့နယ် သမိုင်းကျေးရွာရှိ အ. ထ. က (ခွဲ) ကျောင်း၊ မအူပင်မြို့ရှိ အ. ထ. က (၁) ကျောင်း၊ ပန်းတနော်မြို့နယ် ပသွယ်ကျေးရွာရှိ အ. ထ. က (ခွဲ) ကျောင်း၊ ညောင်တုန်းမြို့နယ် မဲဇလီကျေးရွာရှိ အ. ထ. က ကျောင်း၊ ဓနုဖြူမြို့နယ် နန်းတော်ကုန်းကျေးရွာရှိ အ. လ. က ကျောင်း၊ ဖျာပုံမြို့ စံပြ (၅) လမ်းရှိ အ. မ. က ကျောင်း၊ ဘိုကလေးမြို့ရှိ အ. မ. က ကျောင်း၊ ကန်စုကျေးရွာရှိ အ. လ. က ကျောင်း၊ ကျိုက်လတ်မြို့ အမှတ် (၅) ရှိ အ. မ. က ကျောင်းနှင့် ဘုရားကလေးကွင်းကျေးရွာရှိ အ. မ. က ကျောင်းတို့မှ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ ကျိုက်လတ်မြို့ရှိ ဆန်စက်မှ လုပ်သားများအား စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာများ ဟောပြောခဲ့ကြောင်း၊ ဒေးဒရဲမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်ပူးပေါင်း၍ အသိပညာပေး Talk Show အစီအစဉ်များ ပြုလုပ်ခဲ့ကြောင်း သိရှိရပါသည်။

**နေပြည်တော်ဦးစီးမှူးရုံးအနေဖြင့်** ဇမ္ဗူသီရိမြို့နယ်ရှိ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် ဇေယျာသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ရှိ ဝန်ထမ်းများ၊ ဒက္ခိဏသီရိမြို့နယ်ရှိ အ. မ. က (ရွှေပြည်) ကျောင်း၊ ပျဉ်းမနားမြို့နယ်ရှိ

စာမျက်နှာ ၂၁ ကော်လံ ၁ သို့



စာမျက်နှာ ၈ မှအဆက်

မြို့နယ်တို့ရှိ စည်ပင်သာယာဈေးနှင့် ရပ်ကွက်ကုန်စုံဆိုင်များ၊ ပေါင်းတည်မြို့၊ နတ်တလင်းမြို့၊ သဲကုန်းမြို့နယ်တို့ရှိ ရပ်ကွက်ကုန်စုံဆိုင်များတွင် သက်တမ်းလွန်စားသောက်ကုန်ပစ္စည်းများရောင်းချမှု ရှိ-မရှိ၊ လူသုံးကုန်ပစ္စည်းများ ဘေးအန္တရာယ်ကင်းရှင်းမှု ရှိ-မရှိ၊ ကုန်အညွှန်းအမှတ်အသား ပြည့်စုံစွာ ဖော်ပြထားခြင်း ရှိ-မရှိ စစ်ဆေးခဲ့ကြောင်း သိရှိရပါသည်။

**မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** တိုင်းဒေသကြီးအတွင်းရှိ ကုန်စုံဆိုင်များ၊ စတိုးဆိုင်များ၊ စည်ပင်သာယာဈေးများ၌ ရောင်းချလျက်ရှိသော ကုန်စည်များတွင် မြန်မာဘာသာဖြင့် ကုန်အညွှန်းအမှတ်အသား ပြည့်စုံစွာ ဖော်ပြထားခြင်း ရှိ-မရှိနှင့် သက်ဆိုင်ရာဌာနများမှ စားသုံးရန်၊ သုံးစွဲရန် မသင့်သော ကုန်စည်များအား ဈေးကွက်အတွင်း ရောင်းချခြင်းရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ရာ စည်ပင်သာယာဈေးတွင် (၉) ကြိမ်၊ မြို့ပေါ်ရှိရပ်ကွက်များတွင် (၁၉) ကြိမ်၊ စက်ရုံအလုပ်ရုံများတွင် (၂၅) ကြိမ်၊ ကျောင်းမုန့်ဈေးတန်းများတွင် (၃) ကြိမ်၊ စုစုပေါင်း (၅၆) ကြိမ်နှင့် အထူးဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းကို စက်သုံးဆီအရောင်းဆိုင်များတွင် (၄) ကြိမ်၊ စားသုံးဆီအရောင်းဆိုင်များတွင် (၄) ကြိမ်၊ ဆေးနှင့်ဆေးပစ္စည်းအရောင်းဆိုင်များတွင် (၄) ကြိမ်၊ စုစုပေါင်း (၁၂) ကြိမ် ဆောင်ရွက်ခဲ့ကြောင်း၊ ထို့ပြင် ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့်စပ်လျဉ်း၍ လုပ်ငန်းရှင် (၈) ဦးမှ တင်ပြလာသော ကုန်စည်အမျိုးအစား (၃၂) မျိုးတို့အား စားသုံးသူကာကွယ်ရေးဥပဒေနှင့် ကိုက်ညီမှုရှိ-မရှိစိစစ်၍ ကိုက်ညီမှုရှိကြောင်း အတည်ပြုပြန်ကြားခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** မြင်းခြံမြို့ပေါ်ရှိ ဆေးနှင့်ဆေးပစ္စည်းအရောင်းဆိုင်၊ ညောင်ဦးမြို့ပေါ်ရှိ ကိတ်မုန့်လုပ်ငန်း၊ ပုဂံမြို့သစ်ဈေးကြီးတွင် ရောင်းချနေသော ကုန်စည်များ၊ တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းအရောင်းဆိုင်များ၊ ကျောက်ပန်းတောင်းမြို့ပေါ်ရှိ ဆေးဆိုင်များ၊ အာလူးကြော်လုပ်ငန်းများနှင့် ရပ်ကွက်ကုန်စုံဆိုင်များကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း၍



ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ရာ သက်ဆိုင်ရာဌာနထောက်ခံချက်နှင့် ကုန်အညွှန်းအမှတ်အသားများ ပြည့်စုံမှု ရှိ-မရှိ စစ်ဆေးခဲ့ကြောင်း၊ IDEA ကိုယ်ပိုင်အထက်တန်းကျောင်းနှင့် အုတ်သျှစ်ကုန်းမူလွန်ကျောင်း မုန့်ဈေးတန်းများ၊ ပြင်ဦးလွင်မြို့၊ ကျောက်ဆည်မြို့၊ စဉ့်ကိုင်မြို့၊ မြစ်သားမြို့၊ ကူမဲမြို့၊ မလှိုင်မြို့၊ မိတ္ထီလာမြို့၊ သာစည်မြို့၊ ရမည်းသင်းနှင့် ပျော်ဘွယ်မြို့နယ်များရှိ ဆေးဆိုင်များသို့ သွားရောက်၍ အသင့်စားသောက်ကုန်အမျိုးမျိုးတွင် ကုန်အညွှန်းအမှတ်အသား ပြည့်စုံမှု ရှိ-မရှိ၊ ဆေးဆိုင်အတွင်းရှိ ဆေးဝါးများ ဈေးနှုန်းမြှင့်တင်ရောင်းချမှု ရှိ-မရှိ၊ စံမမီဆေးဝါးများ ရောင်းချမှု ရှိ-မရှိ စစ်ဆေးခဲ့ကြောင်း၊ မိတ္ထီလာမြို့ပေါ်ရှိ စားသုံးဆီဆိုင်များနှင့် စားသောက်ကုန်လုပ်ငန်းများ၊ ပျော်ဘွယ်မြို့နယ်ရှိ စားသောက်ကုန်လုပ်ငန်းများတွင်

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

*စာမျက်နှာ ၉ မှအဆက်*

ကုန်အညွှန်းအမှတ်အသား ပြည့်စုံစွာ ဖော်ပြထားခြင်း ရှိ-မရှိ ကျောက်ဆည်မြို့၊ စဉ့်ကိုင်မြို့နှင့် မြစ်သားမြို့နယ်များရှိ စားအုန်းဆီရောင်းချသည့် လုပ်ငန်းများတွင် ရည်ညွှန်းဈေးနှုန်းအတိုင်း ရောင်းချခြင်း ရှိ-မရှိ၊ ဈေးနှုန်းမြင့်တင်ရောင်းချဖြန့်ဖြူးခြင်း ရှိ-မရှိ သွားရောက်ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရှိရပါသည်။

**ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** တိုင်းဒေသကြီးအတွင်းရှိ မြို့မဈေးများ၊ ကုန်တိုက်များ၊ ဆေးဆိုင်များတွင် ရောင်းချလျက်ရှိသော ကလေးအာဟာရဖြည့်စွက်စာအမျိုးမျိုး၊ မြို့မဈေးများ၊ ကုန်တိုက်များတွင် ရောင်းချနေသော စားသုံးဆီအမျိုးမျိုး၊ မရမ်းကုန်းမြို့နယ်နှင့် ခရမ်းမြို့နယ်တို့ရှိ ကျောင်းမုန့်ဈေးတန်းတွင် ရောင်းချနေသော အသင့်စားသောက်ကုန်အမျိုးမျိုးနှင့် အသင့်သောက်အချိုရည်အမျိုးမျိုး၊ တာမွေမြို့နယ်၊ ပန်းဘဲတန်းမြို့နယ်၊ လှိုင်သာယာမြို့နယ်နှင့် သန်လျင်မြို့နယ်တို့ရှိ စားသောက်ကုန်အမျိုးမျိုး၊ လူသုံးကုန်အမျိုးမျိုးနှင့် ဆေးဝါးအမျိုးမျိုးတို့တွင် ကုန်အညွှန်းအမှတ်အသား ပြည့်စုံစွာ ဖော်ပြထားခြင်းရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း သိရှိရပါသည်။

**ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ဟင်္သာတခရိုင်ရှိ စားအုန်းဆီအရောင်းဆိုင် (၅၉) ဆိုင်၊ မြောင်းမြမြို့ပေါ်ရှိ ကုန်မျိုးစုံဆိုင်များ၊ မအူပင်ခရိုင် ရေလဲကျေးရွာရှိ သော်တာလင်းဆန်စက်၊ ကျုံတားကြီးကျေးရွာရှိ မြသိန်းတန်ဆန်စက်၊ ကျောင်းရွာရှိ ထွန်းရတနာဆန်စက်နှင့် မဲဇလီကျေးရွာရှိ သမာဓိဆန်စက်များသို့ ကွင်းဆင်း၍ ဆန်စပါးလက်ကျန်၊ ဆန်ကြိတ်ခွဲထုတ်လုပ်မှု၊ စပါးဝယ်ယူမှုအခြေအနေနှင့် ဆန်စပါးဈေးနှုန်းဈေးကွက်အခြေအနေများအား ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ပြီး ဈေးများတွင် (၂၇) ကြိမ်၊ ရပ်ကွက်ကုန်စုံဆိုင်များတွင် (၅၇) ကြိမ်၊ စက်ရုံ/အလုပ်ရုံများတွင် (၄) ကြိမ်၊ ဆေးဆိုင်များတွင် (၅) ကြိမ်၊ ကျောင်းမုန့်ဈေးဆိုင်များတွင် (၆) ကြိမ်၊ အခြားနေရာများတွင် (၁၅) ကြိမ် စုစုပေါင်း (၁၁၄) ကြိမ် ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** တိုင်းဒေသကြီးဦးစီးမှူးရုံးများ

## ပြည်နယ်များအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် စားသုံးသူများ အသုံးပြုလျက်ရှိသည့် ကုန်စည်နှင့်ဝန်ဆောင်မှုများ ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုခွင့်ရရှိစေရေး၊ စားသုံးသူကာကွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုရှိစေရေးအတွက် သက်ဆိုင်ရာပြည်နယ်များအလိုက် ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ခုနှစ် အောက်တိုဘာလအတွင်း-

**ကချင်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** မြစ်ကြီးနားမြို့ရှိ ရှမ်းစုမြောက်ရပ်ကွက်၊ မြို့မရပ်ကွက်၊ မင်းရပ်ရပ်ကွက်၊ တပ်ကုန်းရပ်ကွက်၊ ရမ်ပူရပ်ကွက်နှင့် ရွှေစက်ရပ်ကွက်ရှိ ကုန်စုံဆိုင်များ၊ မြစ်ကြီးနားမြို့၊ အောင်နန်း

*စာမျက်နှာ ၁၁ ကော်လံ ၁ သို့*



*စာမျက်နှာ ၁၈ မှ အဆက်*

ဆရာမများနှင့် ကျောင်းသားကျောင်းသူများအား စားသုံးသူအခွင့်အရေးနှင့် တာဝန်များအကြောင်း ရှင်းလင်းဆွေးနွေးခဲ့ကြောင်း၊ စဉ့်ကိုင်မြို့နယ် အုန်းပင်ခြံရပ်ကွက်ရှိ လင်းရောင်သစ်ကိုယ်ပိုင်ကျောင်းနှင့် ရပ်ကွက်နေပြည်သူများ၊ ကျောက်ဆည်မြို့နယ် မုန့်ပေါင်းကျေးရွာနှင့် မြစ်သားမြို့နယ် သာလွန်ကျေးရွာရှိ ပြည်သူများ၊ ပြင်ဦးလွင်မြို့ရှိ မုန့်နှင့်ယိုမျိုးစုံလုပ်ငန်းရှင်များ၊ သာစည်နယ် ကျီတိုင်ကုန်း (တောင်) ရွာ၊ ကျီတိုင်ကုန်း (မြောက်) ရွာ၊ ပျော်ဘွယ်မြို့နယ် ပန်းတောကျေးရွာ၊ ဇဂျမ်းတောင်ကျေးရွာနှင့် ကုက္ကိုလ်ကျေးရွာရှိ ပြည်သူများအား စားသုံးသူကာကွယ်ရေးဥပဒေပါ သိကောင်းစရာများ၊ အွန်လိုင်းမှတ်ပုံတင်ဆောင်ရွက်ခြင်းဆိုင်ရာများနှင့်ပတ်သက်သည့် အခြေခံအချက်အလက်များ၊ စားသုံးသူအခွင့်အရေးများ နစ်နာဆုံးရှုံးမှုများရှိပါက တိုင်ကြားနိုင်သည့် နည်းလမ်းများကို အသိပညာပေးဟောပြောခဲ့ကြောင်း၊ ထို့နောက် စဉ့်ကိုင်မြို့နယ်၊ မြစ်သားမြို့နယ်၊ သာစည်မြို့နယ်နှင့် ပျော်ဘွယ်မြို့နယ်တို့တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပူးပေါင်း၍ စားသုံးသူ ကာကွယ်ရေးဆိုင်ရာသိကောင်းစရာ Talk Show အစီအစဉ်များပြုလုပ်ခဲ့ကြောင်း သိရှိရပါသည်။

**ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** မရမ်းကုန်းမြို့နယ်ရှိ အ. လ. က (၆) ကျောင်းနှင့် အ. မ. က (၇) ကျောင်း၊ အလုံမြို့နယ်ရှိ အ. လ. က (၈) ကျောင်း၊ တာမွေမြို့နယ်ရှိ အ. ထ. က (၃) ကျောင်း၊ မှော်ဘီမြို့နယ်ရှိ အ. ထ. က ကျောင်း၊ တိုက်ကြီးမြို့နယ်ရှိ (ဆင်စခန်း-၂) အ. မ. က ကျောင်း၊ တွံတေးမြို့နယ်ရှိ



အ. မ. က (ငခုံးမစမ်း) ကျောင်းနှင့် အ. မ. က (အိုးဘိုးအနောက်) ကျောင်း၊ ကွမ်းခြံကုန်းမြို့နယ်ရှိ အ. မ. က ကျောင်းနှင့် အ. မ. က (ထန်းပင်ကုန်း) ကျောင်း ခရမ်းမြို့နယ်ရှိ အ. ထ. က (ကွမ်းမိုးဒိန်း) ကျောင်းတို့ရှိ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ ကော့မှူးမြို့နယ်ရှိ ရေဖြူတွင်းကျေးရွာ၊ အင်းစိန်မြို့နယ်ရှိ အထယုကျေးရွာ၊ တိုက်ကြီးမြို့နယ်ရှိ ဗောဓိကုန်းကျေးရွာတို့မှ စားသုံးသူပြည်သူများအား စားသုံးသူကာကွယ်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ အသိပညာပေး ဟောပြောဆွေးနွေးခဲ့ကြောင်း၊ သာကေတနှင့် ခရမ်းမြို့နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့နှင့်ပူးပေါင်း၍ ဆက်သွယ်ရေးဝန်ဆောင်မှု (အင်တာနက်ဝန်ဆောင်မှု) ဆိုင်ရာ အသိပညာပေး Talk Show အစီအစဉ်များ ကျင်းပပြုလုပ်ခဲ့ကြောင်း၊ ခရမ်းမြို့နယ်ရှိ ကုန်စုံရောင်းချသော စီးပွားရေးလုပ်ငန်းရှင်များ၊ သန်လျင်မြို့နယ်ရှိ ကုန်စုံဆိုင်နှင့် စားသောက်ကုန်လုပ်ငန်းရှင်များ၊ ကျောက်တံတားမြို့နယ်၊ ပန်းပဲတန်းမြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နှင့် ရန်ကင်းမြို့နယ်တို့ရှိ အင်တာနက်ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သော ကုမ္ပဏီလုပ်ငန်းရှင်များ၊ တာမွေ

*စာမျက်နှာ ၂၀ ကော်လံ ၁ သို့*

*စာမျက်နှာ ၁၇ မှ အဆက်*

အမှတ်အသား မှန်ကန်ပြည့်စုံမှုရှိစေရေး၊ အွန်လိုင်းမှ တဆင့် ဖြန့်ဖြူးရောင်းချလျက်ရှိသော လုပ်ငန်းရှင်များ အနေဖြင့်လည်း အွန်လိုင်းမှတ်ပုံတင်ရှိထားစေရေး လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရပါသည်။



**မကွေးတိုင်းဒေသကြီးဦးစီးမှုးရုံးအနေဖြင့်** မကွေးမြို့ ရန်ကင်းဈေး၊ ရန်ပယ်ဈေးနှင့် ကန်သာဈေးများရှိ ဈေးသူဈေးသားများ၊ ရေနံချောင်းမြို့၊ မြို့သစ်မြို့၊ ချောက်မြို့၊ တောင်တွင်းကြီးမြို့၊ ပခုက္ကူမြို့၊ ဂန့်ဂေါမြို့များရှိ အ. ထ. က၊ အ. လ. က၊ အ. မ. ကကျောင်းတို့မှ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ မင်းဘူးမြို့၊ စလင်းမြို့၊ သရက်မြို့များရှိ အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနမှ အုပ်ချုပ်ရေးမှုးများနှင့် ရပ်ကျေးစာရေးများ၊ မင်းဘူးမြို့ ကမ်းနီရေတင်စခန်းရှိ မိဘပြည်သူများအား စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာများ ဟောပြော ခဲ့ကြောင်း၊ ပခုက္ကူမြို့၊ ချောက်မြို့၊ သရက်မြို့၊ ကံမမြို့၊ ဆင်ပေါင်ဝဲမြို့များရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့်ပူးပေါင်း၍ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေး Talk Show အစီအစဉ်များလည်း ကျင်းပ ပြုလုပ်ခဲ့ကြောင်း၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း အနေဖြင့် စလင်းမြို့ စည်ပင်ဈေးရှိ ဈေးသည်များ၊ ပခုက္ကူ မြို့၊ ရေနံချောင်းမြို့၊ စလင်းမြို့၊ သရက်မြို့၊ ကံမမြို့၊ ပွင့်ဖြူ မြို့နှင့် ပွင့်ဖြူမြို့နယ် ရွာခိုင်ကျေးရွာရှိ ဆန်စက်လုပ်ငန်းရှင် များနှင့် ဆန်ရောင်းချသည့် လုပ်ငန်းရှင်များ၊ မကွေးမြို့၊ ရေနံချောင်းမြို့၊ မြို့သစ်မြို့၊ ချောက်မြို့၊ နတ်မောက်မြို့၊ တောင်တွင်းကြီးမြို့၊ ပွင့်ဖြူမြို့၊ သရက်မြို့၊ အောင်လံမြို့၊ ကံမမြို့၊ ဆင်ပေါင်ဝဲမြို့၊ ပခုက္ကူမြို့များရှိ စတိုးဆိုင်၊ ကုန်မျိုးစုံ အရောင်းဆိုင်၊ သောက်ရေသန့်လုပ်ငန်းရှင်၊ စားသောက်ကုန်လုပ်ငန်းရှင်များ၊ မကွေးမြို့၊ ချောက်မြို့၊ တောင်တွင်းကြီး မြို့၊ ရေနံချောင်းမြို့များရှိ စားသုံးဆီရောင်းချသည့် လုပ်ငန်းရှင်များ၊ မြို့သစ်မြို့ရှိ ဘိလပ်မြေရောင်းချသည့် လုပ်ငန်းရှင်၊ သရက်မြို့ရှိ ဆေးနှင့်ဆေးပစ္စည်းရောင်းချ သည့် လုပ်ငန်းရှင်၊ ဂန့်ဂေါမြို့ရှိ စိုက်ပျိုးရေးအရောင်းဆိုင် လုပ်ငန်းရှင်တို့အား အွန်လိုင်းစနစ်ဖြင့် ရောင်းချပါက Online မှတ်ပုံတင်လက်မှတ်လျှောက်ထားရန်နှင့် လက်မှတ် ရရှိသူ၏ တာဝန်များ ဖောက်ဖျက်မှုမရှိစေရေးနှင့် စီးပွားရေး လုပ်ငန်းရှင်များ လိုက်နာရမည့် တာဝန်များအကြောင်း အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

**မန္တလေးတိုင်းဒေသကြီးဦးစီးမှုးရုံးအနေဖြင့်** ချမ်းမြသာစည်မြို့နယ်ရှိ စိတ်ကူးသစ်ကိုယ်ပိုင် အထက်တန်းကျောင်း၊ အ. ထ. က (၇) ကျောင်း၊ အ. ထ. က (၂၆) ကျောင်းနှင့် အ. ထ. က (၁၀) ကျောင်း၊ ကျောက်ပန်းတောင်းမြို့ရှိ IDEA ကိုယ်ပိုင်အထက်တန်း ကျောင်းနှင့် အုတ်သျှစ်ကုန်းမူလွန်ကျောင်းတို့ရှိ ဆရာ

*စာမျက်နှာ ၁၉ ကော်လံ ၁ သို့*



*စာမျက်နှာ ၁၀ မှ အဆက်*

ရပ်ကွက်ရှိ ရွှေနှင်းဆီမုန့်မျိုးစုံလုပ်ငန်း၊ ခေမာသီရိ ရပ်ကွက်ရှိ NOBEL ကိတ်နှင့်မုန့်မျိုးစုံလုပ်ငန်း၊ စက်မှုဇုန် ရပ်ကွက်ရှိ Lucky မုန့်တိုက်၊ စည်ပင်သာယာရေစင်ဈေး ရှိ ကုန်စုံဆိုင်များ၊ ရွှေညောင်ပင်ရပ်ကွက်၊ မြို့သစ်ရပ်ကွက် နှင့် ဧရာရပ်ကွက်တို့ရှိ ဆေးဆိုင်များ၊ မြစ်ကြီးနားမြို့၊ ရှမ်းစုမြောက်ရပ်ကွက်နှင့် မန်ခိန်ရပ်ကွက်ရှိ စတိုးဆိုင်များ၊ အမှတ် (၆) အ. ထ. က ကျောင်းရှိ ကျောင်းမုန့်ဈေးဆိုင်တို့ အားလည်းကောင်း၊ မိုးညှင်းမြို့ရှိ အရှေ့စုရပ်ကွက်၊ အုတ်ကျင်းရပ်ကွက်၊ စိမ်းမြောက် ရပ်ကွက်၊ နားခါရပ်ကွက်၊ သာစည်ရပ်ကွက်၊ မြို့မရပ်ကွက်တို့ရှိ ကုန်စုံဆိုင်များ၊ မိုးညှင်းမြို့အမှတ် (၃) အ. ထ. က ကျောင်းရှိ ကျောင်းမုန့် ဈေးဆိုင်၊ အမှတ် (၂) စည်ပင်သာယာဈေးရှိ ကုန်စုံဆိုင် များ၊ ကံတော်ကုန်းရပ်ကွက်ရှိ ဆီစက်၊ နားခါရပ်ကွက်ရှိ ဆေးဆိုင်၊ သာစည်ရပ်ကွက်နှင့် မြို့မရပ်ကွက်ရှိ စတိုးဆိုင် များသို့ သွားရောက်၍ အသင့်စားမုန့်အမျိုးမျိုး၊ နို့နှင့် နို့ထွက်ပစ္စည်းအမျိုးမျိုး၊ အသင့်ဖျော်ကော်ဖီနှင့် လက်ဖက် ရည်ထုပ်အမျိုးမျိုး၊ အသင့်သောက်အချိုရည်အမျိုးမျိုး၊ အသင့်စားခေါက်ဆွဲခြောက်ထုပ်အမျိုးမျိုး၊ ငရုတ်ဆီနှင့် အချဉ်ရည်အမျိုးမျိုး၊ စည်သွပ်အစားအစာအမျိုးမျိုး၊ ကလေးအသုံးဆောင်ပစ္စည်းအမျိုးမျိုး၊ ဆေးဝါးနှင့် ဖြည့်စွက်စာအမျိုးမျိုး၊ စားသုံးဆီအမျိုးမျိုးတို့ကို ဘေးအန္တရာယ် ကင်းရှင်းမှုရှိ-မရှိ၊ ကုန်အညွှန်းအမှတ်အသား ပြည့်စုံစွာ ဖော်ပြထားခြင်း ရှိ-မရှိ၊ သက်တမ်းလွန်စားသောက်ကုန် ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ ရောင်းချနေခြင်း ရှိ-မရှိ၊ စံမညီ ဆေးဝါးများ ဈေးကွက်အတွင်းရောင်းချခြင်း ရှိ-မရှိ စစ်ဆေးခဲ့ကြောင်း သိရှိရပါသည်။



**ကယားပြည်နယ်ဦးစီးမှုးရုံးအနေဖြင့်** လွိုင်ကော်မြို့ပေါ်ရှိ စားသောက်ကုန်များ၊ လူသုံးကုန်များနှင့် အရန်သင့်အစားအစာအမျိုးမျိုး လက်လီလက်ကား ရောင်းချနေသော ကုန်စုံဆိုင်များ၊ ကိတ်မုန့်၊ ပေါင်မုန့် ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေသော မုန့်ဖိုများနှင့် သောက်ရေသန့်ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေသော စက်ရုံများသို့ သွားရောက်၍ ကုန်အညွှန်းအမှတ်အသား သတ်မှတ်ချက်များနှင့် ပြည့်စုံမှု ရှိ-မရှိ၊ ကွင်းဆင်း စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**ကရင်ပြည်နယ်ဦးစီးမှုးရုံးအနေဖြင့်** ဘားအံမြို့ရှိ ဆရာမဆေးဆိုင်၊ ယုယအထွေထွေဆေးခန်း၊ မအိပိုး ကုန်စုံဆိုင်၊ အန်တီထူးကုန်စုံဆိုင်၊ မြိုင်ကလေးကျေးရွာရှိ ကုန်စုံဆိုင် (၂) ဆိုင်၊ ပန်းလှိုင်ဆန်ဆီစက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်၊ အမှတ်(၂) ရပ်ကွက်နှင့် အမှတ် (၆) ရပ်ကွက်တို့ရှိ လက်လီကုန်စုံဆိုင်များနှင့် ဆေးဆိုင်များသို့ သွားရောက်၍ တရားဝင်မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ သက်တမ်းလွန်နေသော ဆေးဝါးများနှင့် တရားမဝင်လမ်းကြောင်းမှ ဝင်ရောက်လာသည့် ဆေးဝါး များကို တင်သွင်းရောင်းချဖြန့်ဖြူးခြင်း ရှိ-မရှိ၊ ကုန်အညွှန်း

*စာမျက်နှာ ၁၂ ကော်လံ ၁ သို့*

*စာမျက်နှာ ၁၁ မှ အဆက်*



အမှတ်အသား ဖော်ပြခြင်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးကော်မရှင် ညွှန်ကြားချက်နှင့် ကိုက်ညီမှု ရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**မွန်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** မုံရွာမြို့ရှိ ဆန်ဆိုင်များနှင့်ဆေးဆိုင်များ၊ ချောင်းဆုံမြို့နယ် မူလွန်ကတောင်စိန်နှင့် အ. မ. က (ကညော်) ကျောင်းတို့ရှိ ကျောင်းမုန့်ဈေးတန်းများ၊ မော်လမြိုင်မြို့ ဈေးကြိုရပ်ကွက်ရှိ ပွဲရုံနှင့် အမှတ် (၁) ဈေးကြီးအတွင်းရှိ ဆန်ဆိုင်များနှင့် ဆေးဆိုင်များ၊ ကျိုက်ရောမြို့ပေါ်ရှိ ဆန်ဆိုင်ကြီးများ၊ ဆန်ဂိုဒေါင်များနှင့် ဆေးဆိုင်များ၊ သထုံမြို့နယ်ရှိ မြို့မဈေး၊ ကျိုက်ထိုမြို့နယ်ရှိ ဆေးဝါးအရောင်းဆိုင်များနှင့် မြို့ပေါ်ရပ်ကွက်ရှိ ကုန်စုံဆိုင်များ၊ ဘီးလင်းမြို့ ကန်သာယာရပ်ကွက် နီလာဈေးအတွင်းရှိ ကုန်စုံဆိုင်များ၊ မော်လမြိုင်မြို့နယ်အတွင်းရှိ အမှတ် (၁) ဈေး၊ မောင်ငံဈေး၊ သံလွင်ဈေး၊ ထားဝယ်စုဈေးနှင့် သာယာအေးဈေး၊ မုဒုံမြို့နယ်အတွင်းတို့ရှိ ဈေးဆိုင်များ၊ ဘီးလင်းမြို့နယ်နှင့် ကျိုက်ထိုမြို့နယ်အတွင်းတို့ရှိ ကုန်မျိုးစုံရောင်းချသောဆိုင်များတွင် ဆန်နှင့်ဆေးဝါးများ သိုလှောင်ထားခြင်း ရှိ-မရှိ၊ သက်တမ်းလွန်ဆေးဝါးများရောင်းချခြင်း ရှိ-မရှိ၊ ကုန်အညွှန်းအမှတ်အသားပြည့်စုံစွာ ဖော်ပြထားမှု ရှိ-မရှိ၊ Formalin ပါဝင်သော ပဲသွေးများ ဖြန့်ဖြူးရောင်းချမှုများ ရှိ-မရှိနှင့် ထိုင်းနိုင်ငံမှ ဈေးကွက်အတွင်း ဝင်ရောက်လာသည့် အေးခဲငါးဘူးများအား ရောင်းချမှု ရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း သိရှိရပါသည်။

**ရှမ်းပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်မြို့၊ လွိုင်လင်မြို့နှင့် ရွာငံမြို့ပေါ်ရှိ ဆန်ဆိုင်များ၊ လွိုင်လင်မြို့၊ ပင်လုံမြို့၊ ပင်းတယမြို့နှင့် ညောင်ရွှေမြို့ပေါ်ရှိ စားအုန်းဆီဆိုင်များ၊ ပင်လုံမြို့ပေါ်ရှိ သောက်ရေသန့်လုပ်ငန်းနှင့် လုပ်ငန်းလိုင်စင်အသစ်လျှောက်ထားသော ကုမ္ပဏီများ၊ နမ့်စန်မြို့ပေါ်ရှိ ဆေးနှင့်ဆေးပစ္စည်းဆိုင်၊ ပင်းတယမြို့ပေါ်ရှိ Green Tea လုပ်ငန်း၊ ကျိုင်းတုံမြို့နယ် ယန်းကျိန်အုပ်စု တာခွယ်ကျေးရွာရှိ ဝက်ခေါက်အမဲခေါက်လုပ်ငန်း၊ နောင်တန်ကျေးရွာရှိ ဂျုံခေါက်ဆွဲလုပ်ငန်း၊ အ. ထ. က (၆) ကျောင်းမုန့်ဆိုင်များ၊ ကျိုင်းတုံမြို့ ရပ်ကွက် (၄) အတွင်းရှိ မုန့်တီခြောက်လုပ်ငန်း၊ မိုင်းဆတ်မြို့ စိန်ပိုင်ရပ်ကွက်နှင့် ဝိန်းနေရပ်ကွက်အတွင်းတို့ရှိ သောက်ရေသန့်လုပ်ငန်း၊ တာချီလိတ်မြို့ ပါလှဲ (၁) နှင့် ရန်အောင်မြေရပ်ကွက်အတွင်းရှိ ငါးမုန့်ကြော်လုပ်ငန်းတို့အား သွားရောက်၍ ကုန်အညွှန်းအမှတ်အသား ပြည့်စုံစွာဖော်ထားခြင်းရှိ-မရှိ၊ သက်တမ်းလွန်စားသောက်ကုန်ပစ္စည်းများ ရောင်းချခြင်း ရှိ-မရှိ၊ စံမညီဆေးဝါးများ ဈေးကွက်အတွင်းရောင်းချခြင်း ရှိ-မရှိ၊ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** ပြည်နယ်ဦးစီးမှူးရုံးများ



*စာမျက်နှာ ၁၆ မှအဆက်*

အောင်သုခကျောင်းတို့တွင် ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများအား စားသုံးသူကာကွယ်ရေး ဥပဒေပါ သိကောင်းစရာများအကြောင်း ဟောပြောဆွေးနွေးခြင်း၊ အွန်လိုင်းရောင်းဝယ်မှုနှင့်ပတ်သက်သည့် သတိပြုရမည့်အချက်များ၊ အွန်လိုင်းမှတ်ပုံတင်ဆောင်ရွက်ခြင်းဆိုင်ရာများနှင့်ပတ်သက်သည့် အခြေခံအချက်အလက်များ၊ ကုန်အညွှန်းအမှတ်အသား ဖော်ပြခြင်းဆိုင်ရာများ၊ စားသုံးသူအခွင့်အရေးများ နစ်နာဆုံးရှုံးမှုရှိပါက တိုင်ကြားနိုင်သည့်နည်းလမ်းများအကြောင်း အသိပညာပေးဆွေးနွေးခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရပါသည်။

**ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ပဲခူးခရိုင် ဝေါမြို့ အ. ထ. က (ဝေါ)၊ ပဲခူးမြို့ အ. ထ. က (ခွဲ) ၅ တွင်လည်းကောင်း၊ တောင်ငူခရိုင် ဖြူးမြို့ မူလွန် (နတ်ရေကန်) ကျောင်းနှင့် အ. လ. က (ကညင်မြောင်) ကျောင်းတွင်လည်းကောင်း၊ အုတ်တွင်းမြို့နယ် မူလွန် (သောင်တိုင်ကုန်း) ကျောင်းနှင့် မူလွန် (သစ်တော) ကျောင်းတွင်လည်းကောင်း၊ ရေတာရှည်မြို့နယ် အ. ထ. က (ခွဲ) မြောက်နန်ချွန်ကျောင်း၊ ဖြူးမြို့နယ် မိုးဟိန်းကိုယ်ပိုင်အထက်တန်းကျောင်း၊ ရေတာရှည်မြို့နယ် အ. လ. က (ပိတောက်ကုန်း) ကျောင်း၊ ပြည်ခရိုင် ရွှေတောင်မြို့နယ် အ. မ. က (လှိုင်မြရှင်)၊ အ. မ. က (လက်ခုတ်တန်း) နှင့် အ. လ. က (အမြောက်တပ်)၊ ပေါက်ခေါင်းမြို့ အ. လ. က (ခွဲ) အလယ်ရွာ၊ ပန်းတောင်းမြို့ အ. လ. က (ဘူးဘက်)၊ ပြည်မြို့ မူလွန် (ကိုးသောင်း) ကျောင်းများတွင်လည်းကောင်း၊



သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့ အ. မ. က (ကြို့ပင်သာ) ကျောင်း၊ အ. မ. က (ပျဉ်ထောင်) ကျောင်းတွင်လည်းကောင်း၊ ညောင်လေးပင်ခရိုင် ကျောက်တံခါးမြို့ အ. မ. က (ညောင်ပင်သာ) ကျောင်း၊ အ. လ. က (ကျောင်းကြီး)၊ အ. လ. က (ရင်းတိုက်ကုန်း) ကျောင်းတို့တွင်လည်းကောင်း၊ အ. လ. က (ခင်တို) ကျောင်း၊ ညောင်လေးပင်မြို့ မူလွန်ကြားတောရ၊ အ. လ. က (ခွဲ) ဖောင်တော်သီကျောင်း၊ နတ်တလင်းခရိုင် နတ်တလင်းမြို့ အ. လ. က (အေးငြိမ်သာ) ကျောင်း၊ အ. လ. က ကျောင်းကြီး၊ ပေါင်းတည်မြို့ အ. မ. က (မန်ကျီးပင်)၊ ဇီးကုန်းမြို့ မူလွန်ကျောင်း၊ အ. လ. က (ခွဲ) ဝက်ကော်ကျောင်းများတွင် ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများအား စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာများဟောပြောခဲ့ကြောင်း၊ ထို့အတူ ရေတာရှည်မြို့နယ်၊ ဖြူးမြို့နယ်နှင့် ပြည်မြို့နယ်တို့ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်ပူးပေါင်း၍ စားသုံးသူကာကွယ်ရေးဆိုင်ရာအသိပညာပေး Talk Show စကားဝိုင်းများကျင်းပပြုလုပ်ခဲ့ကြောင်း၊ ထို့အပြင် ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိသည့် ကုန်စည်များအား ကုန်အညွှန်း

*စာမျက်နှာ ၁၈ ကော်လံ ၁ သို့*

*စာမျက်နှာ ၁၅ မှ အဆက်*

စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာဗဟုသုတများ ရရှိနိုင်စေရေးတို့အတွက် စားသုံးသူအသိပညာပေး ဟောပြောပွဲများ ကျင်းပခြင်းနှင့် စီးပွားရေးကျင့်ဝတ်၊ စည်းကမ်းနှင့်အညီ ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်နိုင်စေရေးအတွက် စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလအတွင်း-

**စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** မုံရွာမြို့ ရက်ကန်းနှင့် သက်မွေးပညာသင်တန်းကျောင်းတွင် ကျင်းပပြုလုပ်သည့် သဘာဝဆိုးဆေးနှင့် Eco.Printing သင်တန်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတွင် ကျင်းပပြုလုပ်သည့် မုန့်လုပ်နည်းပညာသင်တန်းတို့ရှိ သင်တန်းသားများ၊ မုံရွာမြို့ရှိ အ. ထ. က (၂) ကျောင်း၊ ကလေးမြို့ရှိ အ. မ. က (၁၅) ကျောင်း၊ ကန့်ဘလူမြို့ရှိ အ. ထ. က (ခွဲ) ညောင်အိုင်ကျောင်း၊ ကျီကုန်းစံပြကျေးရွာရှိ အ. လ. က ကျောင်းတို့ရှိ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ မုံရွာမြို့ စက်မှုဇုန်ရပ်ကွက်ရှိ ပဲခွဲစက်ရုံ၊ စစ်ကိုင်းမြို့ နန္ဒဝန်ရပ်ကွက်ရှိ ပဲမှုန့်ကြိတ်စက်ရုံ၊ နီလာရပ်ကွက်ရှိ ခေါက်ဆွဲစက်ရုံ၊ ပါရမီရပ်ကွက်ရှိ ခေါက်ဆွဲစက်ရုံများရှိ ဝန်ထမ်းများအား စားသုံးသူအခွင့်အရေးများ၊ တာဝန်များ၊ ဌာနသို့ ဆက်သွယ်တိုင်ကြားနိုင်သည့်နည်းလမ်းများ၊ ဖြေရှင်းဆောင်ရွက်ပေးခဲ့သည့် စားသုံးသူတိုင်ကြားမှုဖြစ်စဥ်များကို အသိပညာပေး ဟောပြောခဲ့ကြပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း၊ ထို့ပြင် လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးမှု



များကိုလည်း တိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် (၃) ကြိမ်၊ ကလေးခရိုင်ဦးစီးမှူးအနေဖြင့် (၄) ကြိမ်၊ ကသာခရိုင်ဦးစီးမှူးရုံးအနေဖြင့် (၂) ကြိမ်၊ ကန့်ဘလူမြို့နယ်တာဝန်ခံရုံးအနေဖြင့် (၂) ကြိမ်၊ စစ်ကိုင်းခရိုင်ဦးစီးမှူးရုံးအနေဖြင့် (၃) ကြိမ်၊ မုံရွာခရိုင်ဦးစီးမှူးရုံးအနေဖြင့် (၃) ကြိမ်၊ ယင်းမာပင်ခရိုင်ဦးစီးမှူးရုံးအနေဖြင့် (၂) ကြိမ်၊ ရွှေဘိုခရိုင်ဦးစီးမှူးရုံးအနေဖြင့် (၄) ကြိမ်၊ စုစုပေါင်း (၂၃) ကြိမ် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထိုသို့ တွေ့ဆုံဆွေးနွေးဆောင်ရွက်ရာတွင် စီးပွားရေးလုပ်ငန်းရှင်တို့၏ တာဝန်များနှင့် မြန်မာဘာသာဖြင့် ကုန်အညွှန်းအမှတ်အသားပြည့်စုံစွာ ဖော်ပြရေး အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

**တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ထားဝယ်မြို့ရှိ မူလတန်းလွန်ကျောင်း၊ အမှတ် (၈) အ. ထ. က ကျောင်း၊ မြိတ်မြို့ ဈေးတန်းရပ်ရှိ အ. လ. က (၁)၊ မြို့မ (၁) ရပ်ရှိ အ. လ. က (၁၀)၊ စောမိညို မူလတန်းလွန်ကျောင်း၊ ကြောင်ငယ်ရပ်ရှိ အမှတ် (၂) အ. ထ. က ကျောင်းနှင့် ထားဝယ်မြို့ရှိ အမှတ်(၈) အ. ထ. က ကျောင်း၊ ကော့သောင်းမြို့ရှိ အ. လ. က (ခွဲ)

*စာမျက်နှာ ၁၇ ကော်လံ ၁ သို့*



## Online Sale မှတ်ပုံတင်လက်မှတ်ထုတ်ပေးနိုင်ရေး မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းများ ဆောင်ရွက်

အွန်လိုင်းနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းအား ၂၁-၇-၂၀၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၀/၂၀၂၃) ဖြင့် အရေးကြီးဝန်ဆောင်မှုလုပ်ငန်းအဖြစ် သတ်မှတ်ခဲ့ပြီး အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းများနှင့်စပ်လျဥ်း၍ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ Online Sale မှတ်ပုံတင်လက်မှတ် လျှောက်ထားလာမှုအား မြေပြင်ကွင်းဆင်းစစ်ဆေး၍ လျှောက်ထားသည့် အချက်အလက်များနှင့် မြေပြင်တွင် အမှန်တကယ်ကိုက်ညီမှုရှိမှသာလျှင် မှတ်ပုံတင်လက်မှတ် ထုတ်ပေးမည်ဖြစ်ကြောင်း လစဉ် အသိပညာပေး ဆောင်ရွက်မည့် အစီအမံများရေးဆွဲ၍ အသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ခုနှစ် အောက်တိုဘာလအတွင်း -

**ကချင်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** မြစ်ကြီးနားမြို့ စက်မှုဇုန်ရပ်ကွက်ရှိ ကိတ်နှင့်မုန့်မျိုးစုံလုပ်ငန်းမှ လုပ်သားဝန်ထမ်းများ၊ မှတ်ပုံတင်လက်မှတ်ရရှိထားသော လုပ်ငန်းရှင်များ၊ မိုးညှင်းမြို့ရှိ သောက်ရေသန့်လုပ်ငန်းရှင်များအသင်းအဖွဲ့နှင့် စားသုံးသူပြည်သူများအား အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းကို အရေးကြီးဝန်ဆောင်မှုလုပ်ငန်းအဖြစ် သတ်မှတ်ထားရှိမှုအခြေအနေ၊ အမိန့်ကြော်ငြာစာအမှတ် ၅၁/၂၀၂၃ အရ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းဆောင်ရွက်လိုသူသည် မှတ်ပုံတင်လျှောက်ထားရန်နှင့် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကိုက်ညီရမည့် အချက်များ၊ အထောက်အထားများ၊ မှတ်ပုံတင်လက်မှတ်ထုတ်ပေးမည့် အခြေအနေ၊ မှတ်ပုံတင်လက်မှတ်ရရှိသူ၏ တာဝန်များနှင့် အခွင့်အရေးများ၊ လုပ်ငန်းဆောင်ရွက်လိုသူများအနေဖြင့် တရားမဝင်တင်သွင်းလာသော ကုန်ပစ္စည်းများအား ဝယ်ယူရောင်းချခြင်းမပြုရန်နှင့် အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေပါ ပြစ်မှု၊ ပြစ်ဒဏ်များ အကြောင်းတို့ကို အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

**ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** အနောက်ပိုင်းခရိုင်ရှိ အွန်လိုင်းစနစ်ဖြင့် ရောင်းချသည့် လုပ်ငန်းရှင်များ၊ တွံတေးမြို့နယ်ရှိ နိဗ္ဗာန်ကုန်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း၊ သန်လျင်မြို့နယ်ရှိ အဝတ်အထည်၊ အိတ်နှင့် ဖိနပ်ရောင်းဝယ်ရေးလုပ်ငန်း၊ အီလက်ထရောနစ်နှင့် လူသုံးကုန်ပစ္စည်းများ ရောင်းဝယ်ရေးလုပ်ငန်း၊ လှည်းကူးမြို့နယ်ရှိ လူသုံးကုန်ပစ္စည်းများ ရောင်းဝယ်ရေးလုပ်ငန်း၊ တိုက်ကြီးမြို့နယ်ရှိ စားသောက်ကုန်လုပ်ငန်း၊ လှိုင်သာယာမြို့နယ်ရှိ ခေါက်ဆွဲလုပ်ငန်း၊ အင်းစိန်မြို့နယ်ရှိ ကလေးကစားစရာရောင်းဝယ်ရေးလုပ်ငန်း၊ မင်္ဂလာဒုံမြို့နယ်ရှိ Tawin AIT၊ ဂုံမြို့နယ်ရှိ ကျောင်းပညာရေးဝန်ဆောင်မှုလုပ်ငန်း၊ ပန်းပဲတန်းမြို့နယ်နှင့် ရန်ကင်းမြို့နယ်တို့ရှိ မုန့်လုပ်ငန်းတို့အား အွန်လိုင်းရောင်းချခြင်းနှင့်စပ်လျဥ်း၍ မှတ်ပုံတင်ခြင်းဆိုင်ရာ အချက်များနှင့် သိရှိလိုက်နာရမည့် အချက်များကို အသိပညာပေးဆွေးနွေးခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရပါသည်။

*စာမျက်နှာ ၁၄ ကော်လံ ၁ သို့*

*စာမျက်နှာ ၁၃ မှ အဆက်*

**မွန်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** ကျိုက်ထိုခရိုင်၊ သထုံခရိုင်၊ ပေါင်မြို့နယ်၊ ဘီလင်းမြို့နယ် တာဝန်ခံရုံးတို့တွင် အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ မှတ်ပုံတင်လက်မှတ်ရရှိထားသည့် လုပ်ငန်းရှင်များအား အွန်လိုင်းစနစ်ဖြင့် ရောင်းချသည့်လုပ်ငန်းဆိုင်ရာ အမိန့်ကြော်ငြာစာများ၊ စားသုံးသူအခွင့်အရေးနှင့်တာဝန်များ၊ စီးပွားရေးကျင့်ဝတ်၊ စည်းမျဉ်းစည်းကမ်း၊ ဥပဒေ ညွှန်ကြားချက်များနှင့်အညီ ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်ကြရန် ဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

**ရှမ်းပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** တောင်ကြီးမြို့ ကံကြီးရပ်ကွက်ရှိ အလှကုန်ပစ္စည်းရောင်းဝယ်မှုလုပ်ငန်းရှင်၊ ကံသာရပ်ကွက်ရှိ အထည်အလိပ်၊ အဝတ်အထည်နှင့် ဆက်စပ်ပစ္စည်းများ လုပ်ငန်းရှင်၊ ရွှေညောင်မြို့ ဆည်လဲရပ်ကွက်ရှိ အထည်အလိပ်၊ အဝတ်အထည်နှင့် ကလေးအသုံးအဆောင်ပစ္စည်းများ ရောင်းချသည့် လုပ်ငန်းရှင်များ၊ ကျိုင်းတုံမြို့ ရပ်ကွက် (၂) အတွင်းရှိ အားကစားဝတ်စုံအမျိုးမျိုးရောင်းချသည့် လုပ်ငန်းရှင်များအား အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းကို အရေးကြီးဝန်ဆောင်မှုလုပ်ငန်းအဖြစ် သတ်မှတ်ထားရှိမှုအခြေအနေ၊ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်လိုသူသည် မှတ်ပုံတင်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကိုက်ညီရမည့်အချက်များ၊ အထောက်အထားများ၊ မှတ်ပုံတင်လက်မှတ်ထုတ်ပေးမည့်အခြေအနေ၊ မှတ်ပုံတင်လက်မှတ်ရရှိသူ၏ တာဝန်များနှင့် အခွင့်အရေးများ၊ မှတ်ပုံတင်လက်မှတ်ဆိုင်းငံ့ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းဆိုင်ရာ အကြောင်းအရာများ၊ မှတ်ပုံတင်ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ လျှောက်ထားရန် အခြေခံလိုအပ်ချက်များ၊ eComReg System ဖြင့် Online Sales မှတ်ပုံတင်လက်မှတ်လျှောက်ထား ထုတ်ယူပုံအဆင့်ဆင့်၊ သက်တမ်းတိုးခြင်းနှင့်ပတ်သက်၍ သိရှိရန်အချက်များ၊ လုပ်ငန်းဆောင်ရွက်လိုသူများအနေဖြင့် တရားမဝင်တင်သွင်းလာသော ကုန်ပစ္စည်းများအား ဝယ်ယူရောင်းချခြင်းမပြုရန်နှင့် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေပါ ပြစ်မှု၊ ပြစ်ဒဏ်များ အကြောင်းတို့ကို အသိပညာပေးဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** တိုင်းဒေသကြီးနှင့်ပြည်နယ်ဦးစီးမှူးရုံးများ

## ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးမှုအခြေအနေ

စားသုံးသူရေးရာဦးစီးဌာနသည် စားသုံးသူပြည်သူများ အသုံးပြုလျက်ရှိသည့် ကုန်စည်များဖြစ်သော အသင့်စားအစားအစာများ၊ စားသုံးဆီများ၊ အသင့်သောက်အချိုရည်များ၊ အရန်သင့်အစားအစာများ၊ အိမ်သုံးဆေးဝါးများနှင့် လူသုံးကုန်ပစ္စည်းများကို ဘေးအန္တရာယ်ကင်းရှင်းမှု ရှိ-မရှိ သက်ဆိုင်ရာမိတ်ဖက်ဌာနများနှင့် ပူးပေါင်းစစ်ဆေးခြင်း၊ စားသုံးဆီများအား ဖြစ်သင့်ဖြစ်ထိုက်သော ဈေးနှုန်းများနှင့် ရောင်းချခြင်းရှိ-မရှိနှင့် ဆေးနှင့်ဆေးပစ္စည်းများ ဈေးကွက်အတွင်း ပစ္စည်းပြတ်လပ်မှု ရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းများ

*စာမျက်နှာ ၁၅ ကော်လံ ၁ သို့*



*စာမျက်နှာ ၁၄ မှ အဆက်*

ဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးမှု (၂၁၄၆) ကြိမ်၊ နိုဝင်ဘာလအတွင်း ဈေးကွက်စောင့် ကြည့်စစ်ဆေးမှု (၂၁၁၀) ကြိမ် ဆောင်ရွက်နိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** ထုတ်လုံ

## ၂၀၂၅ ခုနှစ်အတွင်း ကုန်အညွှန်းအမှတ်အသား စိစစ်ခွင့်ပြုပေးခဲ့မှုအခြေအနေ

စားသုံးသူကာကွယ်ရေးဥပဒေ ၂၀၁၉၊ အခန်း (၁၈) တွင် ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့်စပ်လျဉ်းသည့် အချက်အလက်များ ပြဋ္ဌာန်းထားပြီး ကုန်အညွှန်းအမှတ်အသား ဖော်ပြရာတွင် မြန်မာဘာသာဖြင့် ဖော်ပြရန် လိုအပ်သည့် အသေးစိတ်အချက်များကိုလည်း စီးပွားရေးလုပ်ငန်းရှင်များလိုက်နာရန်အတွက် မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်က ညွှန်ကြားချက်အမှတ် (၂/၂၀၁၉) ဖြင့် ထုတ်ပြန်ထားပြီးဖြစ်ပါသည်။ ထုတ်ကုန်လုံခြုံစိတ်ချရမှုဌာနခွဲအနေဖြင့် ကုန်စည်များတွင် မြန်မာဘာသာဖြင့် ကုန်အညွှန်းအမှတ်အသားဖော်ပြထားခြင်းအား ညွှန်ကြားချက် (၂/၂၀၁၉) နှင့်အညီ စိစစ်ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၅ ခုနှစ်အတွင်း ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တင်ပြလာသည့် ကုန်စည်များကို အောက်ပါအတိုင်း စိစစ်ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်-

၂၀၂၅ ခုနှစ်အတွင်း ကုန်အညွှန်းအမှတ်အသား စိစစ်ခွင့်ပြုပေးခဲ့မှုအခြေအနေ

| | လအမည် | စိစစ်ရန် တင်ပြလာမှု အခြေအနေ (အရေအတွက်) | | ခွင့်ပြုခဲ့သည့် အခြေအနေ (အရေအတွက်) | |
|---|---|---|---|---|---|
| | | ကုမ္ပဏီ | ကုန်ပစ္စည်း | ကုမ္ပဏီ | ကုန်ပစ္စည်း |
| ၁။ | ဇန်နဝါရီလ | ၄၉ | ၁၃၀ | ၄၈ | ၁၂၆ |
| ၂။ | ဖေဖော်ဝါရီလ | ၉၉ | ၂၇၃ | ၉၉ | ၂၇၃ |
| ၃။ | မတ်လ | ၅၆ | ၁၃၆ | ၅၆ | ၁၃၆ |
| ၄။ | ဧပြီလ | ၄၆ | ၁၆၀ | ၄၆ | ၁၆၀ |
| ၅။ | မေလ | ၄၄ | ၁၂၆ | ၄၄ | ၁၂၆ |
| ၆။ | ဇွန်လ | ၇၃ | ၂၂၆ | ၇၃ | ၂၂၆ |
| ၇။ | ဇူလိုင်လ | ၈၅ | ၂၃၂ | ၈၅ | ၂၃၂ |
| ၈။ | ဩဂုတ်လ | ၁၀၄ | ၂၄၉ | ၁၀၄ | ၂၄၉ |
| ၉။ | စက်တင်ဘာလ | ၁၀၀ | ၃၅၅ | ၁၀၀ | ၃၅၅ |
| ၁၀။ | အောက်တိုဘာလ | ၁၁၃ | ၂၃၇ | ၁၁၃ | ၂၃၇ |
| ၁၁။ | နိုဝင်ဘာလ | ၈၀ | ၂၅၂ | ၈၀ | ၂၅၂ |
| | စုစုပေါင်း | ၈၄၉ | ၂၃၇၇ | ၈၄၈ | ၂၃၇၃ |

**Source:** ထုတ်လုံ

# စားသုံးသူအသိပညာပေးကဏ္ဍ

## တိုင်းဒေသကြီးများတွင် အသိပညာပေးလုပ်ငန်းများဆောင်ရွက်

စားသုံးသူရေးရာဦးစီးဌာနရှိ တိုင်းဒေသကြီးဦးစီးမှူးရုံးများသည် စားသုံးသူအခွင့်အရေးနှင့် အကျိုးစီးပွားကာကွယ်ရေး၊ လုံခြုံစိတ်ချရမှုရှိသော ကုန်စည်နှင့်ဝန်ဆောင်မှုများ ရွေးချယ်ဝယ်ယူသုံးစွဲတတ်စေရေး၊ စားသုံးသူနစ်နာဆုံးရှုံးမှုများဖြစ်ပေါ်လာပါက ကုစားမှုများ ရယူတောင်းဆိုတတ်စေရေး၊

*စာမျက်နှာ ၁၆ ကော်လံ ၁ သို့*